မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇွန် ၁၂ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၅၁)

ဒို့တာဝန်အရေး(၃)ပါး

❖ ပြည်ထောင်စု မပြိုကွဲရေး။

❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော်   ဇွန်   ၁၂

၂၀၁၂ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမီယာ၊ ဗွီ ၊ ပူတင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
ဖိလစ်ပိုင်နိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော်   ဇွန်   ၁၂

၂၀၁၂ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သော ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ (၁၁၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘီနင်နို အကွီနို(၃)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော်   ဇွန်   ၁၂

၂၀၁၂ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဒီမီထရီ၊ အေ၊ မက်ဒ်ဗီဒက်ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

မအူပင်မြို့နယ် ကျောင်းရွာစုံပြကျေးရွာ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံဖွင့်
သုံးခွကျွန်းဒေသအတွင်းရှိ ကျေးလက်ပြည်သူများအပြင် တိုးမြစ်မြောက်ဘက်ခြမ်းရှိ ပြည်သူများပါ ကျန်းမာရေးအတွက် အားထားရာ တိုက်နယ်ဆေးရုံတစ်ခုဖြစ်

နေပြည်တော်   ဇွန်   ၁၁

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ကျောင်းရွာစုံပြကျေးရွာ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၀ ရက် နံနက် ၁၀ နာရီတွင် အဆိုပါ ဆေးရုံ၌ ကျင်းပရာ ရှေးဦးစွာ တိုက်နယ်ဆေးရုံသစ်ကို ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ ဧရာဝတီတိုင်းဒေသကြီး လူမှုရေး ဝန်ကြီး ဦးစန်းမောင်နှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးသန်းကျော်ထူးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုက်နယ်ဆေးရုံ ကမ္ပည်းမော်ကွန်းကျောက်စာကို ဧရာဝတီတိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် ဧည့်သည်တော်များက ကမ္ပည်းမော်ကွန်းကျောက်စာကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ တိုက်နယ်ဆေးရုံ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် တိုက်နယ်ဆေးရုံ တည်ဆောက်ခြင်းအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့်ဇနီး ဒေါ်ကျင်ခိုင်တို့၏ ဦးဆောင်မှုဖြင့် အလှူရှင်များ၏ စုပေါင်းလှူဒါန်းငွေများ၊ SKK ကုမ္ပဏီက အလှူငွေကျပ် သိန်း ၃၀၀၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရန်ဝင်းက အလှူငွေကျပ် သိန်း ၂၀၀၊ မအူပင်မြို့ ပါဝါရွှေဆိုင် မင်းစိုးမင်းမိသားစုက အလှူငွေကျပ် သိန်း ၉၀၊ ဦးသက်တင်ဝင်း-ဒေါက်တာခင်နီလာအေး (Moon Ray ကုမ္ပဏီ) က အလှူငွေကျပ် ၈၂ သိန်း၊

စာမျက်နှာ ၆ ကော်လံ ၁ ❒

လှည့်လည်ကြည့်ရှု

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်တို့ (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ယနေ့ ဖတ်စရာ မှတ်စရာ သတင်းအညွှန်း

တရုတ်ကေရာင်၏ ဂူဗိမာန်ဓောင်ရဲမြက်စစ်သည် ရုပ်တုပေါင်း ၁၁၀ အား ရှေးဟောင်းသုတေသနပညာရှင်များ တူးဖော်တွေ့ရှိ

စာ - ၄

အသက် ၇၅ နှစ် ရှိပြီဖြစ်သော ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသမီး ကာယဗလမယ် အန်နီစတင်း

စာ - ၅



လက်ရှိချန်ပီယံ စပိန်နှင့် အီတလီတို့ထက် ခရိုအေးရှားအုပ်စုတက်ရန် အခြေအနေကောင်း

စာ- ၇

ရုပ်ရှင်မင်းသမီး မီလေဆိုင်းရပ်စ်တို့ စုံတွဲ ဇာတ်ကားသစ် ရိုက်ကူးမည်

စာ - ၇

MRTV-4

၁၂-၆-၂၀၁၂ (အင်္ဂါနေ့)

နံနက်ပိုင်း

၅:၄၀ **ဓမ္မ သို့မဟုတ် အနှိုင်းမဲ့** တရားတော်(ဆရာတော် ဒေါက်တာ အရှင်သာဓိန)
၁၀:၀၀ ခေတ်သစ်ပျိုမေ
၅:၂၀ Golden Minutes
၇:၃၀ မယုံနိုင်စရာ တကယ့်ကမ္ဘာ
၈:၀၀ MRTV-4 သတင်း
၈:၃၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ **The Sign of Love အချစ်သင်္ကေတ (အပိုင်း-၁၄)**
၁၀:၂၅ Sunday Talk (စာရေးဆရာကျော်စောမင်း၊ မျိုးမြတ်သူ)
၁၂:၀၅ World of Knowledge (Japan Tsunami)
၁၂:၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ထာဝရချစ်သူ** (အပိုင်း-၅)
၁:၃၅ **အမေကပ်တဲ့ ဆွမ်းတစ်နပ်** တြိဂံ၊ ကောင်းချန်သစ်၊ မေသန်းနု ဒါရိုက်တာ-မောင်မောင်မြင့်
၂:၃၅ ယဉ်တကာ့ယဉ်
၂:၅၀ ရွှေမန်းမြေမှ ရွှေတြိဂံ (သံပေါင် Structure နှင့် ရေအားလျှပ်စစ်တာဘိုင်)
၃:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၀ အိုက်ကီဒိုနှင့်သမီးပျို
၄:၁၅ မေတ္တာနန္ဒမှသည် မိဘမဲ့ကလေးငယ်များဆီသို့

အထူးအယူခံခုံရုံး ရုံးထိုင်စီရင်ချက်ချမှတ်

နေပြည်တော် ဇွန် ၁၁

ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးသာဋ္ဌေးနှင့် ဦးစိုးညွန့်တို့ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထွေထွေလျှောက်ထားမှု(စာချွန်တော်)(၄)မှုကို စီရင်ချက်ချမှတ်ခဲ့သည်။ ထို့အပြင် တရားမ အထူးအယူခံမှု (၆)မှုကို ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၁၂ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီ၊ ဗွီ၊ လပ်ဗ်ရော့ဗ်ထံသို့ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဖိလစ်ပိုင်နိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၁၂ ခုနှစ် ဇွန် ၁၂ ရက်တွင်ကျရောက်သော ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ (၁၁၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာအဲယ်လ်ဘတ် အက်ဖ်ဒယ်လ် ရိုစာရီယို ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၁၁

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးမစ္စတာ လီကျွင်းဟွာသည် ယနေ့ မွန်းလွဲ ၁နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး **(အပေါ်ပုံ)** နှစ်နိုင်ငံ အကြားစိုက်ပျိုးရေးကဏ္ဍပူးပေါင်း ဆောင်ရွက်ရေးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များအပါအဝင် လယ်ယာထွက်ကုန်များကို တန်ဖိုးမြင့် ထုတ်ကုန် (Value Added Product) များအဖြစ် စက်ရုံများတည်ဆောက် ရင်းနှီးမြှုပ်နှံထုတ်လုပ်ပြီး တရုတ်နိုင်ငံ၏ဈေးကွက်လိုအပ်ချက်ကိုတင်ပို့ရေး နှစ်ဖက်အကျိုးတူကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြရန် ဆွေးနွေးကြသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်၊ ဝန်ကြီးဌာနအောက်ရှိဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

သထုံခရိုင်ရဲတပ်ဖွဲ့မှူးရုံးရှိ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းသားသမီးများအား၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲ အခမ်းအနားကို မေ ၂၆ ရက်က သထုံခရိုင်ရဲတပ်ဖွဲ့မှူးရုံး ရဲဇာနည်ခန်းမ၌ ကျင်းပရာ သထုံခရိုင်ရဲတပ်ဖွဲ့မှူးဒုတိယ ရဲမှူးကြီးအောင်ကိုဦးက ပညာသင် ကျောင်းသားကျောင်းသူ ၆၀တို့အတွက် ပညာသင်စရိတ်ထောက်ပံ့ကြေးငွေကျပ် ၃၈၆၀၀၀ ကို ကျောင်းသား ကျောင်းသူများအား ပေးအပ်စဉ်။ (ခရိုင်ရဲတပ်ဖွဲ့)

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးအား ပြင်သစ်နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဇွန် ၁၁

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်အား ပြင်သစ်နိုင်ငံ ယဉ်ကျေးမှုနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဥရောပနှင့် နိုင်ငံတကာရေးရာဦးစီးဌာန ဌာနမှူးနှင့် အမွေအနှစ်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ် Mr. Bruno FAVEL ခေါင်းဆောင်သည့် ကိုးဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး **(ယာပုံ)** နှစ်နိုင်ငံ အကြား ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးကိစ္စရပ်များ၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စများ၊ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် ရှေ့ဆက်လက် ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦး၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်နှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၁၁

မြန်မာနိုင်ငံ ဂျပန်ပြန်ပညာသင်ဟောင်းအသင်း (MAJA)နှင့် Hona Foundation တို့ ပူးပေါင်းစီစဉ်မှုဖြင့် Innovation with Ecotechnology အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁၄ ရက်(ကြာသပတေးနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ်ခန်းမကြီး၌ ကျင်းပမည်ဖြစ်ရာ တက်ရောက်လိုသူများသည် ဖုန်း-၀၉-၈၆၁၂၁၅၁သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရှိရသည်။ **(၁၆၈)**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဇွန် ၁၂ ရက်)

ခရီးသွားရင်း စာဖတ်ခြင်း အလေ့အထ

စာပေဗဟုသုတ ရှာမှီးကြသူအများစုသည် စာအုပ်စာပေများကို ဖတ်ရှုကြရာတွင် အများအားဖြင့် နေအိမ်များ၌ လည်းကောင်း၊ စာကြည့်တိုက်များ၌လည်းကောင်း၊ ရုံး၊ ကျောင်း စသည်တို့၌လည်းကောင်း ဖတ်ရှုကြပေသည်။ ၎င်းတို့သည် ခရီးသွားရင်း စာဖတ်သူ အလွန်နည်းပါး၏။ ခရီးသွားရင်း စာဖတ်ခြင်းဖြင့် ဗဟုသုတများစွာ ရရှိနိုင်ပေသည်။

ယနေ့ ရန်ကုန်မြို့ကြီးတွင် အလုပ်လုပ်ကြသူအများစုတို့သည် နေ့စဉ်ခရီးသွားခြင်းဖြင့် အချိန် နှစ်နာရီခန့် ဆုံးရှုံးနေကြ၏။ ၎င်းတို့သည် ဘတ်စ်ကားများပေါ်၌လည်းကောင်း၊ ရထားများပေါ်၌ လည်းကောင်း၊ ကိုယ်ပိုင် ယာဉ်၊ ဌာနပိုင်ယာဉ်များပေါ်၌လည်းကောင်း အချိန်များ ဆုံးရှုံးနေကြ၏။ နေအိမ်မှ အလုပ်သို့အသွား အနည်းဆုံး အချိန် တစ်နာရီကြာ၏။ ထို့အတူ အလုပ်ပြန်၊ အိမ်အပြန် အချိန် တစ်နာရီကြာ၏။ အသွားအပြန် အချိန် နှစ်နာရီမှာ ယာဉ်၊ ရထားများပေါ်၌ ကုန်ဆုံးကြရလေ၏။

ထိုဆုံးရှုံးသွားမည့်အချိန်များကို မဆုံးရှုံးစေရန် အချိန်ကို အသုံးချခြင်းကား အခြားနည်းလမ်းရှိမည် မထင်။ ခရီးသွားရင်း ယာဉ်များပေါ်တွင် စာဖတ်ခြင်းဟူသည့် တစ်လမ်းသာရှိ၏။ နေအိမ်မှ အလုပ်သို့အသွား စာတစ်အုပ်ထဲမှ စာတစ်ပုဒ်ပြီးအောင် ဖတ်သွားသင့်၏။ အပြန်တွင်လည်း စာတစ်ပုဒ်ဖတ်မည်ဆိုလျှင် တစ်နေ့ စာနှစ်ပုဒ် ဖတ်ရှုမိမည်ဖြစ်၏။ တစ်လကြာသည့်အခါ စာနှစ်အုပ်နှင့်ညီမျှသော အပုဒ် ၃၀ ကျော် ဖတ်ရှုပြီးသား ဖြစ်နေပေလိမ့်မည်။

ထို့ကြောင့် ရုံးဌာနများ၌ လုပ်သည်ဖြစ်စေ၊ ကုမ္ပဏီ၌လုပ်သည်ဖြစ်စေ၊ အရောင်းဝန်ထမ်း အရောင်းစာရေးလုပ်သည်ဖြစ်စေ၊ စက်ရုံအလုပ်ရုံ၌လုပ်သည်ဖြစ်စေ ခရီးသွားခြင်းဖြင့် အချိန်ကို မဖြုန်းတီးသင့်ပေ။ ခရီးသွားရင်းစာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများတိုးလာပြီး ဘဝတိုးတက်မှုကိုရရှိစေနိုင်သည်။ အလုပ်လုပ်သူတိုင်း အနည်းဆုံးစာအုပ်တစ်အုပ် ကိုယ်နှင့်အတူဆောင်ထားသင့်၏။ ယာဉ်၊ ရထားများပေါ်၌ အချိန်ကို မပြုန်းတီးစေဘဲ စာတစ်ပုဒ်ဖတ်ရှုသွားသင့်သည်။ အချိန်ကာလကြာမြင့်လာသည်နှင့်အမျှ ဗဟုသုတကြွယ်ဝလာသူများ ဖြစ်လာမည်မှာ မလွဲဧကန်ပင် ဖြစ်ပေသည်။

စာဖတ်သည်ဆိုရာ၌လည်း ဖတ်ရုံနှင့်မပြီး။ မှတ်မိဖို့လည်း လိုသေးသည်။ ကောင်းသောအချက်၊ ကောင်းသောစာသားများပါလျှင် အသေအချာ မှတ်သားရမည်။ ဖြစ်နိုင်လျှင် လိုင်းသားမှတ်သားသင့်၏။ စာကို သာမန်အပေါ်ယံဖတ်ခြင်းနှင့် စိတ်ဝင်တစားဖတ်ရှုခြင်းကား မတူ။ စိတ်ဝင်တစားဖတ်ရှုခြင်းကား မှတ်သားနိုင်မှုစွမ်းရည် ပိုကောင်း၏။ သေသေချာချာ မှတ်မှတ်သားသားဖတ်ရှုခြင်းဖြင့် မှတ်ဉာဏ်စွမ်းအားလည်း ပိုကောင်းလာမည်ဖြစ်သည်။

သို့ပါသောကြောင့် ခရီးသွားခြင်းဖြင့် အလုပ်များနေကြသူများ၊ နေ့စဉ် ယာဉ်၊ ရထားများပေါ်၌ အချိန်ကုန်လွန်ပြီး အချိန်ဆုံးရှုံးနေကြသူများ၊ စာပေဗဟုသုတလေ့လာ လိုက်စားကြသူများသည် အချိန်ကို အလဟဿ မပြုန်းတီးစေရန် ခရီးသွားရင်း စာဖတ်သင့်ပါကြောင်း အကြံပြုတိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ဝန်ထမ်းအားလုံး အင်္ဂလိပ်ဘာသာကျွမ်းကျင်စေရန် ကြိုးစားသင်ယူ အင်္ဂလိပ်စာကျွမ်းကျင်မှ နိုင်ငံတကာအတွေ့အကြုံသင်ခန်းစာများ လေ့လာနိုင် မိမိတို့နေ့စဉ်လုပ်ငန်းများတွင် အသုံးချဆောင်ရွက်နိုင်မည်

နေပြည်တော် ဇွန် ၁၁

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် အရာထမ်းများ အင်္ဂလိပ်ဘာသာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၁/၂၀၁၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈နာရီတွင် အဆိုပါ ဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားရာတွင် မိမိတို့ ဝန်ကြီးဌာနရှိ ဝန်ထမ်းများအား အရည်အချင်းပြည့်ဝသည့် ဝန်ထမ်းများဖြစ်လာစေရေးအတွက် နိုင်ငံတကာသင်တန်းများ၊ ဆွေးနွေးပွဲများ၊ အစည်းအဝေးများသို့ တက်ရောက်သင်ကြားဆွေးနွေးနိုင်ရန် မိမိတက်ရောက်သည့် သင်တန်း၊ ဆွေးနွေးပွဲ၊ အစည်းအဝေးများတွင် အကျိုးရှိစွာ ပါဝင်ဆွေးနွေးနိုင်စေရန် သင်တန်းသို့တက်ရောက်သည့် ဝန်ထမ်းအားလုံးအနေဖြင့် အင်္ဂလိပ်ဘာသာကို ကျွမ်းကျင်စေရန် အထူးကြိုးစား သင်ယူကြရမည်ဖြစ်ကြောင်း၊ အင်္ဂလိပ်စာကျွမ်းကျင်မှုရှိမှသာ နိုင်ငံတကာအတွေ့အကြုံ၊ သင်ခန်းစာများကို အမိအရ လေ့လာမှတ်သားနိုင်ပြီး မိမိတို့နေ့စဉ် လုပ်ငန်းများတွင် အသုံးချဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ယခုသင်တန်းမှ သင်ကြားပေးလိုက်သည့် အင်္ဂလိပ်စာဆိုင်ရာများသည် သင်တန်းသား သင်တန်းသူများအတွက်သာမက ဌာနအတွက်၊ နိုင်ငံအတွက် များစွာအကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည့်အတွက် ကြိုးကြိုးစားစားနှင့် လေ့လာသင်ကြားကြစေလိုကြောင်း ပြောကြားသည်။ **(အပေါ်ယာပုံ)**

အဆိုပါသင်တန်းတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနလုပ်ငန်းများမှ အရာထမ်း ၃၆ ဦးတို့သည် ရက်သတ္တ ၂၄ပတ်ကြာ အင်္ဂလိပ်စာဆိုင်ရာများကို လေ့လာသင်ယူကြမည်ဖြစ်သည်။

အလားတူ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် နံနက် ၉ နာရီတွင် နေပြည်တော်ဘဏ်များဇုန် မြတ်ပန်းသဇင်လမ်းရှိ မြန်မာ့စီးပွားရေးဘဏ် ရုံးချုပ်အစည်းအဝေးခန်းမ၌ကျင်းပသော မြန်မာ့စီးပွားရေးဘဏ် အရာထမ်းများ အင်္ဂလိပ်ဘာသာကျွမ်းကျင်မှု သင်တန်း အမှတ်စဉ်(၁/၂၀၁၂) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍အမှာစကားပြောကြားရာ၌ မြန်မာ့စီးပွားရေးဘဏ်သည် ကူးသန်းရောင်းဝယ်ရေးဘဏ်တစ်ခုဖြစ်သည်နှင့်အညီ ပြည်တွင်းဘဏ်လုပ်ငန်းများအပြင် နိုင်ငံခြားဘဏ်လုပ်ငန်းများကိုပါ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ငွေရေးကြေးရေးကဏ္ဍသည် အဓိကကျကြောင်း၊ ယခုဆိုလျှင် မြန်မာ့စီးပွားရေးဘဏ်၏ ဘဏ်လုပ်ငန်းစနစ်များကို ခေတ်မီ၊ မြန်ဆန်၊ စိတ်ချ၊ သေချာစေရန် ICT နည်းပညာများကို အသုံးပြုပြီး Online Quick Cash စနစ်များ၊ Online Phone Billing စနစ်များ တည်ထောင်ပြီးဖြစ်သည့်အပြင် ATM စနစ်ကိုပါ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အတွက် မြန်မာ့စီးပွားရေးဘဏ်၏ အရာထမ်း ဝန်ထမ်းများအနေဖြင့် မိမိတို့ထာဝစဉ် လုပ်ကိုင်လာကြသည့် သမားရိုးကျဘဏ်လုပ်ငန်း ဝန်ဆောင်မှုများကို ကျွမ်းကျင်နားလည်ရုံနှင့် မလုံလောက်တော့ဘဲ တိုးတက်ပြောင်းလဲလာသည့် ခေတ်မီ နည်းပညာရပ်များနှင့်အညီ မြန်မာ့စီးပွားရေးဘဏ်မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ICT ပညာများကို ကျွမ်းကျင်စွာ အသုံးပြုနိုင်စေရန် အင်္ဂလိပ်ဘာသာစကားကို မဖြစ်မနေလေ့လာတတ်မြောက်ထားရန် လိုအပ်ကြောင်း၊ ယခု သင်တန်းသည် မြန်မာ့စီးပွားရေးဘဏ် အရာထမ်းများ၏အရည်အသွေးကို တိုးတက်အောင် ပို့ချပေးခြင်းဖြစ်သဖြင့် အားသွန်ခွန်စိုက် ကြိုးစားသင်ယူကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် မြန်မာ့စီးပွားရေးဘဏ်မှ အရာထမ်း ၅၀တို့သည် ရက်သတ္တ ၁၂ ပတ်ကြာ အင်္ဂလိပ်စာဆိုင်ရာများကို လေ့လာသင်ယူကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်အား တရုတ်နိုင်ငံ သံအမတ်ကြီးတွေ့ဆုံ

နေပြည်တော် ဇွန် ၁၁

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာလီကျွင်းဟွာသည် ယနေ့ညနေ ၃ နာရီတွင် အဆိုပါဝန်ကြီးရုံး၌လာရောက်တွေ့ဆုံ၍**(ဝဲပုံ)** အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ အခန်းကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။ တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာကိုကိုဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၄ခုနှစ် နယုန်လပြည့်ကျော် ၈ရက် (ဥပုသ်နေ့)
၁၂-၆-၂၀၁၂ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၀	အဂ္ဂိဇယမင်္ဂလံ(ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၂၅	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	နံနက်ခင်းသတင်း
၈း၄၀	မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာ ဘာဝနာပွားများခြင်းတရားတော်

ညပိုင်း

၄း၂၀	**မီးမီးရဲ့ ဆုံးဖြတ်ချက်**
၄း၃၅	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -တတိယနှစ် (ရူက္ခဗေဒအထူးပြု) (ရူက္ခဗေဒ)
၅း၂၀	ကြေးမုံရိပ်သွင်တေးနုယဉ်
၅း၃၅	**ရင်မှာစွဲထင်တေးအလှသံစဉ်**
၅း၄၅	**ရီယိုကာလအလွန်**
၆း၀၀	ညနေခင်းသတင်း
၆း၁၅	မိုးလေဝသအခြေအနေ
၆း၂၀	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၃၅	ဆိုလိုက်ကြစို့
၇း၀၀	နိုင်ငံခြားဇာတ်လမ်းတွဲ **ဖေဖေ့သမီး** (အပိုင်း-၁၁)
၈း၀၀	ပြည်တွင်းသတင်း
-	နိုင်ငံတကာသတင်းများ
-	မိုးလေဝသအခြေအနေ
-	ချိုမြိန်ရသာမုန့်ကမ္ဘာ

ထူးခြားသော တစ်လက်မအရွယ်ကြက်ဥ

ရန်ကုန် ဇွန် ၁၁

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ဇောတိကပန်းခြံ ဗိုလ်မင်းရောင်လမ်းအမှတ်(၈/၆/၂၆-ခ)တွင်နေထိုင်သူ ဦးအုန်းညွန့်၏ခြံရှိ ကြက်မတစ်ကောင်မှ တစ်လအတွင်း တစ်လက်မအရွယ်ခန့်ရှိ ကြက်ဥသုံးလုံးကို ထူးထူးခြားခြား ဥခဲ့ကြောင်း သိရသည်။



ကြက်မတစ်ကောင်မှ တစ်လအတွင်း ဥသော တစ်လက်မအရွယ် ကြက်ဥသုံးလုံးကို ပုံမှန်ကြက်ဥနှင့် ယှဉ်တွဲ၍ ပြသထားစဉ်။

၎င်းကြက်မသည် တစ်ခါဥလျှင် နှစ်လုံးစီ ဥလေ့ရှိပြီး ထူးခြားချက်အနေဖြင့် မေ ၁၀ ရက်၊ ဇွန် ၄ ရက်နှင့် ၆ ရက်တို့တွင် ဥခဲ့သောကြက်ဥများမှာ တစ်လက်မခန့်အရွယ်ရှိ ကြက်ဥသုံးလုံး ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

ကြက်ဥလေးများမှာ အမြင့်တစ်လက်မခန့်သာရှိပြီး ဇွန် ၄ ရက်က ဥခဲ့သော ကြက်ဥမှာ တစ်လက်မထက်ပင် ပိုမိုသေးငယ်ကြောင်း တွေ့ရသည်။ သေးနေသည်မှလွဲ၍ သာမန်ကြက်ဥများကဲ့သို့ပင်ဖြစ်ပြီး အဆိုပါထူးခြားချက်ကြောင့် ၎င်းအိမ်မှ ထိုကြက်ဥသုံးလုံးကို နေ့စွဲတပ်၍ သိမ်းဆည်းထားကြောင်း သိရသည်။

(ခိုင်ခိုင်)

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် တရုတ်နိုင်ငံ CRI အသံလွှင့်ဌာနတို့ပူးပေါင်း၍ မြန်မာကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် ဇွန် ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ CRI အသံလွှင့်ဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် မြန်မာကဗျာရွတ်ဆိုပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်များအနေဖြင့် အသက်အရွယ်နှင့် ပညာအရည်အချင်း ကန့်သတ်ချက် မရှိ၊ ကဗျာခေါင်းစဉ် ခေါင်းစဉ်သတ်မှတ်ထားခြင်းမရှိ၊ မြန်မာ-တရုတ် ချစ်ကြည်ရင်းနှီးမှုကို ဖော်ညွှန်းရမည်ဖြစ်ပြီး နှစ်နိုင်ငံသဘာဝအလှအပများနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများကို ရေးဖွဲ့စပ်ဆိုနိုင်သည်။ ကဗျာကို မြန်မာဘာသာဖြင့် ရေးဖွဲ့ရမည်ဖြစ်ပြီး သဒ္ဒါနှင့် စပ်ထုံးစပ်နည်းမှန်ကန်စွာ ရေးဖွဲ့ရပါမည်။ စာလုံးရေကန့်သတ်ချက်မရှိဘဲ အခြားနိုင်ငံများကို ထိခိုက်စေသော၊ နိုင်ငံရေးဆန်သည့် အရေးအသားများ မရှိစေရပါ။ ပြိုင်ပွဲဝင်သူများသည် ကလောင်အမည်၊ ကိုယ်ရေးအကျဉ်း၊ ပတ်စ်ပို့ဓာတ်ပုံ(၂) ပုံပေးပို့ရမည်ဖြစ်ပြီး ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့် ဖြစ်စေ၊ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေးသား၍ မူရင်းနှင့် မိတ္တူစာမူ (၂)စောင်၊ ကိုယ်တိုင်ရေးသားသော စာမူဖြစ်ကြောင်း ကတိဝန်ခံချက်၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံဖော်ပြလျက် မြန်မာကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပရေးကော်မတီ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နေပြည်တော်(တပ်ကုန်း) သို့လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရန်ကုန် (ပြည်လမ်း)သို့ လည်းကောင်း၊ Myanmar @ cri.cn သို့ E.Mail ဖြင့်လည်းကောင်း ၂၀၁၂ ခုနှစ် အောက်တိုဘာ ၃၀ ရက် နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။

ပဏာမရွေးချယ်ခံရသောကဗျာများကို ကြေညာပေးသွားမည်ဖြစ်ပြီး ရွေးချယ်ထားသော ကဗျာများ ရွတ်ဆိုပြိုင်ပွဲကို နိုဝင်ဘာလကုန်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ ပြိုင်ပွဲတွင် အထူးဆုနှစ်ဦး(တရုတ်ပြည်အလည်အပတ်ခရီး)၊ ပထမဆုတစ်ဦး၊ ဒုတိယဆုသုံးဦး၊ တတိယဆုငါးဦးနှင့် ကဗျာလက်ရာကောင်း ဆုများကိုလည်း ချီးမြှင့်သွားမည်ဖြစ်ပြီး ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(နေပြည်တော်)ဖုန်း-၀၆၇-၇၉၄၇၅ နှင့် ၀၆၇-၇၉၃၇၄ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အုတ်တွင်းမြို့နယ် အုန်းပင်စုကျေးရွာ အခြေခံပညာမူလတန်းကျောင်း ပညာရေးဘက်စုံမြင့်မားရေးနှင့် ပညာရေးအထောက်အကူဖြစ်စေရန် ဇွန် ၂ ရက်က တောင်တွင်းကြီးမြို့ ရွှေကြာအင်း(၂)ရပ်ကွက်နေ ဦးအောင်ဝင်း-ဒေါ်ခင်အေးကြူ မိသားစုက မတည်အလှူငွေကျပ် ၁၀ သိန်းနှင့် စာရေးကိရိယာအတွက် ငွေကျပ်နှစ်သိန်းလှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင်နာယက ဦးအောင်လွင် လက်ခံယူစဉ်။ (၃၁၆)

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ CDMA (800)မိုဘိုင်းဖုန်း သုံးစွဲနေသူပြည်သူများအတွက် အင်တာနက်ဝန်ဆောင်မှု အသုံးပြုနိုင်ရန်ဆောင်ရွက်ပေးမည့်အစီအစဉ်နှင့်ပတ်သက်၍ အသိပေးတင်ပြချက်

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနသည် ပြည်သူများလွယ်ကူစွာ ဖုန်းဆက်သွယ်ပြောဆိုနိုင်ရေးအတွက် အစဉ်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ယခုအခါ GSM/UMTS မိုဘိုင်းဖုန်းများတွင် အင်တာနက်ဝန်ဆောင်မှုအသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆက်လက်ပြီး CDMA(800) မိုဘိုင်းဖုန်းသုံးစွဲသော ပြည်သူများအနေဖြင့် အင်တာနက်အသုံးပြုနိုင်ရန် ဝန်ဆောင်မှုများကို ဇွန် ၁၂ ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ရာ အသုံးပြုလိုသူ မိဘပြည်သူများအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် အောက်ဖော်ပြပါနေရာများတွင်လည်းကောင်း၊ အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများအတွက် သက်ဆိုင်ရာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပြည်နယ်နှင့်တိုင်းဒေသကြီး မန်နေဂျာရုံးများတွင်လည်းကောင်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း လေးစားစွာ အသိပေးတင်ပြအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး

(၁) ရွှေဂုံတိုင် မိုဘိုင်းဆက်သွယ်ရေးရုံး။
အမှတ်(၇၄)၊ အနောက်ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်။

(၂) ပန်းဆိုးတန်း မိုဘိုင်းဆက်သွယ်ရေးရုံး။
အမှတ်(၁၂၅)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်။

(၃) အလုံ မိုဘိုင်းဆက်သွယ်ရေးရုံး။
အမှတ်(၈၃၉/၈၄၁)၊ ဗိုလ်ချုပ်လမ်း၊ လမ်းမတော်မြို့နယ်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်

တရုတ်ကေရာဇ်ဂူဗိမာန်စောင့်ရဲမက်စစ်သည်ရုပ်တုပေါင်း ၁၁၀ ရှေးဟောင်းသုတေသနပညာရှင်များ တူးဖော်တွေ့ရှိ

ပေကျင်း ဇွန် ၁၁

ရာစုနှစ်များစွာ မြေအောက်၌နစ်မြုပ်နေသည့် မြေနီဖြင့်ပြုလုပ်ထားသည့် ရဲမက်စစ်သည် ရုပ်တုပေါင်း ၁၁၀ ကို တရုတ်ရှေးဟောင်းသုတေသနပညာရှင်များ တူးဖော်တွေ့ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ဇွန် ၁၁ ရက်တွင် ပြောကြားသည်။

တရုတ်နိုင်ငံ၏ ပထမဆုံးဧကရာဇ်သျှီဟွမ်ကူအား စောင့်ရှောက်ရန် ထုလုပ်ခဲ့ကြသော စစ်သည်ရုပ်တုများ၏ အစုအဖွဲ့တစ်ခုကို အသစ်တူးဖော်တွေ့ရှိခဲ့ခြင်းပင် ဖြစ်သည်။ **(ဝဲပုံ)**

တရုတ်မြောက်ပိုင်း ကျိအန်းမြို့တွင်းရှိ ကွမ်ဧကရာဇ်၏ ဂူဗိမာန်အနီး လူတစ်ဦးအရွယ်ထုဆစ်ထားသော စစ်သည်ရဲမက်ရုပ်တုများကို တူးဖော်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းရုပ်တုများအပြင် ရထားစစ်သည်ရုပ်တု၏ အစိတ်အပိုင်းဖြစ်သော မြေထည်မြင်းရုပ်တု ၁၂ ခုနှင့် လက်နက်တန်ဆာပလာများကိုလည်း ရှေးဟောင်းသုတေသနပညာရှင်များ တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

စတုရန်းမီတာ ၂၀၀ ကျယ်သည့်တူးဖော်မှု လုပ်ကွက်အတွင်း မြေနီထည်ရဲမက်စစ်သည် ရုပ်တုပေါင်း ၁၁၀ တူးဖော်တွေ့ရှိခဲ့သည်ဟု ကွမ်ရှီဟောင် မြေနီရောင်စစ်သည်တော်များနှင့် မြင်းရုပ်တုများပြတိုက်မှ ရှန်မုကျန်းက သတင်းဌာနသို့ အတည်ပြုပြောကြားခဲ့သည်။ **(အင်တာနက်)**

ပစိဖိတ်သမုဒ္ဒရာကို လှေငယ်ဖြင့်ဖြတ်သန်းသည့် ဗြိတိန်အမျိုးသမီး မုန်တိုင်းမိပြီး ကယ်ဆယ်ခဲ့ရ

တိုကျို ဇွန် ၁၁

ပစိဖိတ်သမုဒ္ဒရာကို လှေတစ်စင်းဖြင့် တစ်ဦးတည်းလှော်ခတ်ဖြတ်ကျော်ရန် ကြိုးစားနေသည့် ဗြိတိန်နိုင်ငံသူ ချာလီမာတယ် **(အပေါ်ပုံ)**အား ပစိဖိတ်သမုဒ္ဒရာမြောက်ပိုင်းရေပြင်တွင် ကုန်တင်သင်္ဘောတစ်စင်းက ဇွန် ၁၀ ရက် နံနက်တွင် ကယ်ဆယ်ခဲ့ရကြောင်း ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့အရာရှိများက ဇွန် ၁၁ ရက်၌ သတင်းထုတ်ပြန်သည်။

ထိခိုက်ပျက်စီးခဲ့

အသက် ၄၁ နှစ်အရွယ်ရှိ ချာလီမာတယ်သည် ပစိဖိတ်သမုဒ္ဒရာ၏ရေပြင်ခရီးမိုင် ၆၀၀၀ ကို မည်သည့်အကူအညီမျှမယူဘဲ လှေတစ်စင်းဖြင့် လှော်ခတ်ဖြတ်သန်းနေစဉ် မာဝါအမည်ရှိ အပူပိုင်းမုန်တိုင်းတိုက်ခတ်မှုကြုံတွေ့ခဲ့ရပြီး ၎င်း၏လှေငယ်မှာ ထိခိုက်ပျက်စီးခဲ့သည်။ ထိုသို့ လှေငယ်ထိခိုက်ပျက်စီးမှုကြောင့် အရေးပေါ် အချက်ပြအကူအညီတောင်းခံခဲ့ရာမှ ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်း ဆန်ဒိုင်းမြို့အရှေ့ဘက် ၇၄၅ မိုင်ခန့် အကွာရေပြင်၌ သူမအား ကုန်တင်သင်္ဘောတစ်စင်းက တွေ့ရှိကယ်ဆယ်ခဲ့ခြင်းဖြစ်သည်။

မျောပါနေခဲ့

မိမိသည် ဇွန် ၇ ရက်မှ စတင်ကာ မုန်တိုင်းမိခဲ့ပြီး ပစိဖိတ်သမုဒ္ဒရာ ရေပြင်၌ မျောပါနေခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော် မိမိသည်တစ်စုံတစ်ရာ ဒဏ်ရာရခြင်းမရှိကြောင်း ချာလီမာတယ်က ပြောကြားသည်။

ဗြိတိန်နိုင်ငံသူ ချာလီမာတယ်သည် ဂျပန်နိုင်ငံအရှေ့ပိုင်း ချိုရှီမြို့ဆိပ်ကမ်းမှ မေ ၅ ရက်က စတင်ထွက်ခွာခဲ့ခြင်းဖြစ်ပြီး သူမ၏ ခရီးစဉ်အဆုံးမှာ အမေရိကန် နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့ ဆိပ်ကမ်းသို့ဖြစ်ကြောင်း သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

ယူကရိန်း၌ လေယာဉ်ပျက်ကျ၊ လေထီးခုန်သမားငါးဦးသေဆုံး

ကိဗ် ဇွန် ၁၁

ယူကရိန်းနိုင်ငံ ကိဗ်မြို့အနီးတွင် ဇွန် ၁၁ ရက်က ရာသီဥတုဆိုးရွားမှုကြောင့် လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ **(ယာပုံ)**ကောင်းကင်လေထီးခုန်သမား ငါးဦးသေဆုံးပြီး အခြား ၁၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ယူကရိန်းအရာရှိများက ပြောကြားသည်။

ဖြစ်ပွားမှုမှာ အယ် ၄၁၀ အမျိုးအစားလေယာဉ်သည် ကိဗ်မြို့အနောက်ပိုင်း ကီလိုမီတာ ၃၀ ခန့်အကွာ ဗိုရော့ယန်ကာလေဆိပ်သို့အဆင်းတွင် မုန်တိုင်းမိပြီး ပျက်ကျခဲ့ခြင်းဖြစ်သည်။ ၎င်းလေယာဉ်ပေါ်လိုက်ပါလာသည့် ကောင်းကင်လေထီးခုန်သမား ၁၆ ဦးအနက် ငါးဦးသေဆုံးခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရရှိသူနှစ်ဦးတွင် လေယာဉ်မှူးနှစ်ဦးပါဝင်ကြောင်း ၎င်းတို့က ပြောကြားသည်။

အဆိုပါ လေယာဉ်သည် မိုးသည်းထန်စွာရွာသွန်းမှုနှင့်မုန်တိုင်းတိုက်ခတ်နေချိန်တွင် အရေးပေါ်ဆင်းသက်ခဲ့သဖြင့် ယခုကဲ့သို့ ပျက်ကျခဲ့ခြင်းဖြစ်သည်ဟု ယူကရိန်းနိုင်ငံ အရေးပေါ်အခြေအနေ ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ယူကလီရာအာရိုဗာက ပြောကြားသည်။ ဒဏ်ရာရရှိသူများကို ဆေးရုံသို့တင်ပို့ပေးထားပြီး လေယာဉ်ပျက်ကျမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

အီရန်အားအရေးယူပိတ်ပင်ရန် ဖိအားပေးမှု ဆွစ်ဇာလန်ငြင်းဆို

ဂျီနီဗာ ဇွန် ၁၁

အီရန်နိုင်ငံအား အရေးယူရန် အမေရိကန်စီမံသည့် ဥရောပသမဂ္ဂ (အီးယူ) ပိတ်ပင်မှုများ ပြုလုပ်ရန် အမေရိကန်၏ဖိအားပေးမှုကို ဆွစ်ဇာလန်နိုင်ငံက လိုက်လျောဆောင်ရွက်ရန် ငြင်းဆိုခြင်းကြောင့် အမေရိကန်အစိုးရအနေဖြင့် စိတ်ပျက်မိကြောင်း ဆွစ်ဇာလန်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး ဒေါ်နယ်အက်စ်ဘေယာ **(ဝဲပုံ)**က ပြောကြားသည်။

သဘောတူခဲ့

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ အီရန်ကိုအကျပ်ကိုင်ရန်အတွက် အီရန်ရေနံဝယ်ယူမှုမပြုသည့်အပြင် အီးယူရှိ အီရန်ဗဟိုဘဏ်ငွေများ ထုတ်ယူခွင့်ပိတ်ပင်ရန် အီးယူနိုင်ငံခြားရေးဝန်ကြီးက ဇန်နဝါရီ ၂၃ ရက်တွင် သဘောတူခဲ့သည်။

အီရန်နိုင်ငံပေါ် အရေးယူပိတ်ပင်မှုများသည် ဇူလိုင် ၁ ရက်တွင် အကျိုးသက်ရောက်မည်ဟုဆိုသည်။ **(အင်တာနက်)**

အမေရိကန်လေကြောင်းတိုက်ခိုက်မှု ၁၈ ဦး သေဆုံး

ကဘူးလ် ဇွန် ၁၁

အာဖဂန်နစ္စတန် အရပ်သားများအပေါ် မကြာမီက လေကြောင်းမှတိုက်ခိုက်မှုကြောင့် အမေရိကန်အနေဖြင့် ၎င်းတို့ နှစ်နိုင်ငံချုပ်ဆိုထားသည့် လုံခြုံရေးစာချုပ်ကို ချိုးဖောက်ရာကျကြောင်း အာဖဂန်နစ္စတန်သမ္မတဟာမစ်ကာဇိုင်းက ပြောကြားလိုက်သည်။

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း လိုဂါပြည်နယ်တွင် အမေရိကန်လေကြောင်းမှတိုက်ခိုက်မှုမှာ အာဖဂန်နစ္စတန်တပ်ဖွဲ့များနှင့်တိုင်ပင်ပူးပေါင်းရန် ပျက်ကွက်ကြောင်း၊ အဆိုပါလေကြောင်း တိုက်ခိုက်မှုတွင် အမျိုးသမီးများနှင့်ကလေးများအပါအဝင် အရပ်သား ၁၈ ဦး သေဆုံးခဲ့ကြောင်း သမ္မတ ကာဇိုင်းက ထောက်ပြသည်။ ထိုညအချိန် လေကြောင်းတိုက်ခိုက်မှုမှာ မင်္ဂလာအခမ်းအနားကျင်းပနေသည့် အရပ်သားများကိုသာ ထိမှန်ခဲ့ကြောင်း၊ အမျိုးသမီးငါးဦး၊ ကလေးခုနစ်ဦးနှင့် အမျိုးသားခြောက်ဦး သေဆုံးခဲ့သည်။ **(အင်တာနက်)**

နီပေါနိုင်ငံအတွင်း ပမာဏအများဆုံးဆေးခြောက်များ သိမ်းဆည်းနိုင်

ခတ္တမန္ဒူ ဇွန် ၁၁

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့တော်အတွင်း ဆေးခြောက်တန်ချိန်ပမာဏအများဆုံး နီပေါရဲတပ်ဖွဲ့ဝင်များ ဖမ်းဆီးမိကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဇွန် ၁၁ ရက်က ဖော်ပြသည်။ **(အောက်ပုံ)**

နိုင်ငံ၏သမိုင်းတွင် ဆင်နွှဲသမျှအထူးစစ်ဆင်ရေးများအတွင်း မူးယစ်ဆေးဝါး တန်ချိန်အများဆုံးဖမ်းဆီးနိုင်မှုပင်ဖြစ်ကြောင်း၊ ၎င်းမူးယစ်တိုက်ဖျက်မှု စစ်ဆင်ရေးတပ်ဖွဲ့ငယ်တစ်ခု၏ ဆေးခြောက်များဖမ်းဆီးရမိမှုသည် ကီလိုဂရမ် ၂၆၄၀ ကီလိုဂရမ်ရှိကြောင်း ရဲတပ်ဖွဲ့ဝင်များက ပြောကြားသည်။

မြို့တော်အတွင်း ဖမ်းဆီးရမိခဲ့သော အဆိုပါဆေးခြောက်များ ဖမ်းဆီးရမိမှုတွင် ပါဝင်ပတ်သက်မှုရှိသော လူငါးဦးကိုလည်း ဖမ်းဆီးထားနိုင်ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။

နီပေါနိုင်ငံရဲတပ်ဖွဲ့သမိုင်းတစ်လျှောက် ယခုဖြစ်ရပ်သည် ပမာဏအများဆုံးသော မူးယစ်ဆေးဝါးသိမ်းဆည်းရမိမှုတစ်ရပ်ဖြစ်ကြောင်း ရဲမှူးတစ်ဦးက သတင်းဌာနသို့ပြောကြားခဲ့သည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၁၁-၆-၂၀၁၂

တင်မောင်လွင် - စုစည်းသည်

ယူကရိန်းနိုင်ငံတွင် လူနေအဆောက်အအုံပြိုကျ၊ နှစ်ဦးသေဆုံး

ယူကရိန်းနိုင်ငံ အနောက်ပိုင်းတွင် ဇွန် ၁၀ ရက်အစောပိုင်းက ငါးထပ်လူနေအဆောက်အအုံတစ်လုံး၏အစိတ်အပိုင်းအချို့ပြိုကျမှုကြောင့် နှစ်ဦးသေဆုံးပြီး အခြားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာအရာရှိများက ပြောကြားသည်။ (ဝဲပုံ)

အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များက အသက်လေးနှစ်အရွယ် ကလေးငယ်တစ်ဦးအပါအဝင် အဆိုပါအဆောက်အအုံအတွင်းရှိ နေထိုင်သူ ၁၈ ဦးကို ဆွဲထုတ်ပြီး ကယ်ဆယ်ရေးများ ဆောင်ရွက်ခဲ့ရကြောင်း၊ အခြားနေထိုင်သူအများအပြားမှာ ထွက်ပြေးလွတ်မြောက်ခဲ့သော်လည်း နှစ်ဦးမှာသေဆုံးခဲ့ကြောင်း အရာရှိများက ပြောကြားသည်။

ဖြစ်ပွားရသည့် အကြောင်းအရင်းကို လောလောဆယ် မသိရသေးကြောင်း၊ သို့သော်လည်း အဆောက်အအုံ၏ မြေအောက်ခန်းအတွင်း ခွင့်ပြုချက်မရဘဲ ပြင်ဆင်မှုများပြုလုပ်ခြင်းကြောင့်ဟု ယူဆမိကြောင်း ယူကရိန်း ရုပ်သံလိုင်းမှ အရာရှိများက ပြောကြားသည်။ ယခုလောလောဆယ် ယူရိုချန်ပီယံ ဘောလုံးပြိုင်ပွဲ လက်ခံကျင်းပသည့် လာဗက်မြို့မြောက်ဘက်မိုင် ၉၀ ခန့်အကွာ၌ တည်ရှိသည့် လူးတတ်စ်မြို့ အနောက်ပိုင်းရှိ အဆိုပါအဆောက်အအုံ၌ ယင်းနေ့ဒေသစံတော်ချိန် နံနက် ၄ နာရီခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

တူရကီကမ်းခြေ၌ အင်အားပြင်းငလျင်လှုပ်၊ ခြောက်ဦးဒဏ်ရာရ

တူရကီနိုင်ငံအနောက်တောင်ပိုင်း မြေထဲပင်လယ်ကမ်းခြေတွင် ဇွန် ၁၀ ရက်က ပြင်းအားရစ်ချ်တာစကေး ၆ ဒသမ ၀ အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်မှုကြောင့် လူအများအပြား စိုးရိမ်ကြောက်လန့်မှုဖြစ်ကာ ၎င်းတို့၏နေအိမ်ပြတင်းပေါက်များမှ ခုန်ချခဲ့ခြင်းကြောင့် ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။

ငလျင်ကြောင့် ဒဏ်ရာရသူခြောက်ဦးမှာ အရေးပေါ်ဆေးကုသမှုခံယူရန် အတွက် ဆေးရုံ၌ရှိနေကြောင်း၊ တစ်ဦးတစ်ယောက်မျှ သေဆုံးခဲ့ခြင်းမရှိကြောင်း သတင်းတွင် ဖော်ပြသည်။ အဆိုပါငလျင်သည် မူဂလာပြည်နယ် မြေထဲပင်လယ်ကမ်းခြေဒေသတွင် ယင်းနေ့ဒေသစံတော်ချိန် ညနေ ၃ နာရီ ၄၄ မိနစ်က လှုပ်ခဲ့ခြင်းဖြစ်သည်။ ယင်းငလျင်ကြောင့် အဆောက်အအုံအနည်းငယ်ပျက်စီးခဲ့ကြောင်း၊ တူရကီနိုင်ငံအနောက်တောင်ပိုင်းကမ်းခြေ မူဂလာပြည်နယ်ရှိ အိုလူဒင်အပန်းဖြေစခန်းဝန်းကျင်၌ လှုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ကမ်းခြေအနီးမြို့များနှင့်ခရိုင်များရှိလူအများအပြား စိုးရိမ်ထိတ်လန့်မှုများ ဖြစ်ခဲ့ကြောင်း၊ ကမ်းခြေအချို့ရှိ လူများကိုလည်း ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့ရကြောင်း မူဂလာပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး နက်မီကတ်က ပြောကြားခဲ့သည်။ ယင်းငလျင်သည် မြေအောက် ၂၀ ဒသမ ၄ ကီလိုမီတာကိုဗဟိုပြု၍ လှုပ်ခဲ့ခြင်းဖြစ်သည်။ (အင်တာနက်)

12-6 (04).pmd 1 6/12/2012, 2:14 AM

မြန်မာ့အလင်း နိုင်ငံတကာသတင်းမှတ်စု နိုင်ငံတကာသတင်းမှတ်စု

တိုး - ရေးသားသည်

တက်ကြွလှုပ်ရှားလျက်ရှိသည့် ဒေသဆိုင်ရာအဖွဲ့အစည်း ပစိဖိတ်ကျွန်းများဖိုရမ်

ကမ္ဘာပေါ်တွင်ဒေသဆိုင်ရာအဖွဲ့အစည်းများရှိသည့်အနက် ပစိဖိတ်သမုဒ္ဒရာအတွင်းကျွန်းနိုင်ငံများ၏ အဖွဲ့အစည်းမှာ နိုင်ငံငယ်ကလေးများဖြင့် စုစည်းဖွဲ့ထားသည်ဆိုသော်လည်း အခြားအခြားသော ဒေသဆိုင်ရာ အဖွဲ့များနှင့် အမီလိုက်နေသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ကြောင်း တွေ့ရသည်။

ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ လွတ်လပ်သောနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ရည်ရွယ်လျက် ၁၉၇၁ ခုနှစ်တွင် တောင်ပစိဖိတ်ဖိုရမ်အမည်ဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ ၁၉၉၉ ခုနှစ်အရောက်တွင် ၎င်းအဖွဲ့ကိုပင် "ပစိဖိတ်ကျွန်းများဖိုရမ်" ဟူသော အမည်ကို ပြောင်းလဲလိုက်သည်။

အမီလိုက်

ပစိဖိတ်ကျွန်းများဖိုရမ်သည် ကုလသမဂ္ဂအဖွဲ့တွင် တရားဝင်သည့် လေ့လာသူအဖြစ် အစည်းအဝေးများ တက်ရောက်ခွင့်ရှိသည်။ ပစိဖိတ်ကျွန်းများ ဖိုရမ်သည် ဒေသဆိုင်ရာအဖွဲ့အစည်းတစ်ရပ်အဖြစ်ဖြင့် သက်တမ်းနုသေးသည်ဟု ဆိုရမည်ဖြစ်သော်လည်း ယနေ့ပြောင်းလဲနေသော ကမ္ဘာ၊ တိုးတက်နေသောအတွေးအမြင် နည်းပညာတို့ကို အတတ်နိုင်ဆုံးအမီလိုက်နေသည့်အဖွဲ့ဖြစ်ကြောင်း တွေ့ရှိနိုင်ပါသည်။

ဇွန်လ ၇ ရက်နေ့က ထုတ်ပြန်သည့်ကြေညာချက်အရ ပစိဖိတ်ကျွန်းများ ဖိုရမ်၊ တန်ပြန် အကြမ်းဖက်မှုလုပ်ငန်းအုပ်စု၏ (၈)ကြိမ်မြောက် အစည်းအဝေးကို ဖီဂျီနိုင်ငံ

ပစိဖိတ်ကျွန်းများဖိုရမ် တန်ပြန်အကြမ်းဖက်မှုလုပ်ငန်းအုပ်စု၏ (၈)ကြိမ်မြောက် အစည်းအဝေးကို ဖီဂျီနိုင်ငံ ဆူမာမြို့၌ ဇွန်လ ၅ ရက်က ကျင်းပစဉ်။

ဆူမာမြို့၌ ဇွန် ၅ ရက်က ကျင်းပခဲ့ကြောင်း သိရှိရသည်။

ဆွေးနွေး

ယင်းမှာ တန်ပြန်အကြမ်းဖက်မှုလုပ်ငန်းအုပ်စု၏ နှစ်ပတ်လည်အစည်းအဝေးဖြစ်သည်။ အစည်းအဝေးတွင် နိုင်ငံဖြတ်ကျော်ဂိုဏ်းအဖွဲ့ရာဇဝတ်၊ လူကုန်ကူးမှု၊ ငွေမည်းကို တရားဝင်ဖြစ်အောင်လုပ်မှု၊ နျူကလီးယားအန္တရာယ်ကင်းရှင်းရေးကိစ္စအပါအဝင် တန်ပြန် အကြမ်းဖက်မှုတွင် နိုင်ငံအဆင့်၊ ဒေသအဆင့်နှင့် နိုင်ငံတကာ အဆင့်တို့တွင် မည်သို့ကိုင်တွယ်ဆောင်ရွက်ရမည် စသည်တို့ကို ဆွေးနွေးကြသည်။

ကူညီထောက်ပံ့

နှစ်ပတ်လည်အစည်းအဝေး တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက ဖြတ်သန်းကြုံတွေ့ခဲ့ရသည်တို့ကို အခြေခံကာ ရှုထောင့်အသွယ်သွယ် အမြင်အမျိုးမျိုးဖြင့် ဆွေးနွေးကြသော်လည်း အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် တူညီသည့် ဘုံရည်မှန်းချက် ချမှတ်နိုင်ခဲ့သည်။ တန်ပြန်အကြမ်းဖက်မှုလုပ်ငန်းအုပ်စု၏ စွမ်းရည်မှာလည်း ပိုမိုထင်ပေါ်လာသည်ဟု ပစိဖိတ်ကျွန်းများဖိုရမ်၏ အတွင်းရေးမှူးချုပ်ရုံးက သုံးသပ်သည်။ ဩစတြေးလျ၊ နယူးဇီလန်နှင့် အခြားနိုင်ငံများ၏ ကူညီထောက်ပံ့မှုများလည်း ရရှိကြောင်း မှတ်တမ်းတင်သည်။

ပူးပေါင်းဆောင်ရွက်

ပစိဖိတ်ကျွန်းများ ဖိုရမ်သည် ဌာနချုပ်တည်ရှိရာ ဖီဂျီနိုင်ငံ ဆူမာမြို့နှင့် ဒေသဆိုင်ရာလုံခြုံရေးကော်မတီ အစည်းအဝေးလည်း ကျင်းပသည်ကို တွေ့ရသည်။ အမျိုးသားလုံခြုံရေးခြိမ်းခြောက်မှုများကို လက်တွဲဖြေရှင်းခဲ့သည့်အတွေ့အကြုံများရှိသည်မှာလည်း အထင်အရှားရှိသည်။ ငြိမ်းချမ်းရေးတည်ဆောက်မှု၊ ပဋိပက္ခတားဆီးကာကွယ်မှု၊ လူ့အခွင့်အရေးမြှင့်တင်မှုနှင့် ကာကွယ်စောင့်ရှောက်မှုတို့တွင် လူမှုအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုတို့ကိုလည်း အထင်အရှားတွေ့ရသည်။

တက်ကြွစွာပါဝင်

ပစိဖိတ်ကျွန်းများ ဖိုရမ်သည် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ကျွန်းနိုင်ငံများဖြစ်လာသည့်အားလျော်စွာ ရာသီဥတု ပြောင်းလဲမှုဒဏ်ကိုအခြေခံသော ကမ္ဘာ့တိုက်ကြီးများပေါ်မှ နိုင်ငံများထက် အရင်ဆုံး အဆိုးဆုံးဒဏ်ခံရမည်ဖြစ်သည့်အတွက် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးတွင် ရှေ့တန်းမှ တက်ကြွစွာပါဝင်လျက်ရှိသော ဒေသဆိုင်ရာ အဖွဲ့အစည်းတစ်ရပ်လည်း ဖြစ်သည်။

ပစိဖိတ်ကျွန်းများဖိုရမ်၏ ဆွေးနွေးဖက်နိုင်ငံများမှာ ကနေဒါ၊ တရုတ်၊ ဥရောပသမဂ္ဂ၊ ပြင်သစ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဂျပန်၊ အီတလီ၊ တောင်ကိုရီးယား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗြိတိန်နှင့် အမေရိကန်နိုင်ငံတို့ဖြစ်သည်။ ပစိဖိတ်ကျွန်းများ ဖိုရမ်သည် အာရှနိုင်ငံများနှင့် စီးပွားရေးဆက်ဆံမှု တိုးမြှင့်အကောင်အထည်ဖော်လျက်ရှိသည်။ ခရီးသွားလုပ်ငန်း တိုးချဲ့မည့် အလားအလာများလည်း ရှိနေသည်။

ရပ်ဆိုင်းထား

ပစိဖိတ်ကျွန်းများဖိုရမ်တွင် ပါဝင်သည့် အဖွဲ့ဝင်နိုင်ငံများမှာ ဩစတြေးလျ၊ ကွတ်ကျွန်းစု၊ မိုက်ခရိုနီးရှား၊ နီးယု၊ ကီရီဘာတီ၊ နော်ရူ၊ နယူးဇီလန်၊ ဆမိုအာ၊ ပါလော၊ ပါပူဝါနယူးဂီနီ၊ မာရှယ်ကျွန်းစု၊ ဗာနွာတူ၊ ဆော်လမွန်ကျွန်းစု၊ တွန်ဂါနှင့် တူဗာလူးကျွန်းနိုင်ငံတို့ဖြစ်သည်။ အဖွဲ့ဝင် ဖီဂျီနိုင်ငံကို ၂၀၀၉ ခုနှစ် မေ ၂ ရက်တွင် အဖွဲ့ဝင်အဖြစ်မှ ရပ်ဆိုင်းထားသည်။ တွဲဖက်အဖွဲ့ဝင်များမှာ နယူးကာလီဒိုးနီးယားနှင့် ပြင်သစ်ပိုလီနီးရှားတို့ဖြစ်သည်။ ထို့ပြင် လေ့လာသူအဖြစ် ပါဝင်သည့် နိုင်ငံများလည်း ရှိသည်။

စည်းလုံးညီညွတ်

၎င်းပစိဖိတ်ကျွန်းများဖိုရမ်တွင် အများစုမှာ ကျွန်းနိုင်ငံငယ်လေးများဖြင့် ဖွဲ့စည်းထားသည်ဆိုသော်လည်း စည်းလုံးညီညွတ်သော ခေတ်မီဒေသဆိုင်ရာအဖွဲ့တစ်ဖွဲ့အဖြစ် ရပ်တည်လျက်ရှိကြောင်း တွေ့နိုင်ပါသည်။ ။

ကိုးကား-အင်တာနက်

မြန်မာ့အလင်း နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း

ဇော်ဦးခိုင်-စုစည်းသည်

တရုတ်နိုင်ငံအနောက်တောင်ပိုင်းတွင် မိုးသည်းထန် ငါးဦးသေဆုံး၊ နှစ်သိန်းကျော်ရေဘေးသင့်



ပေကျင်း ဇွန် ၁၁

တရုတ်နိုင်ငံ ကွီကျိုးပြည်နယ်အနောက်တောင်ပိုင်းဒေသ တစ်နံတစ်လျားတွင် ပြီးခဲ့သည့် ရက်အတန်ငယ်က မိုးများသည်းထန်စွာ ရွာသွန်းလျက်ရှိရာ ငါးဦးသေဆုံးခဲ့ကြောင်း၊ ဒေသနေပြည်သူ ၂၂၀၀၀၀ ကျော်ရာသီဥတုဘေးဒုက္ခခံစားကြုံတွေ့နေရကြောင်း ဒေသအာဏာပိုင်များက ဇွန် ၁၁ ရက်တွင် ပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါ မိုးကြီးသည်းထန်စွာရွာသွန်းမှုများကြောင့် ရေကြီး၊ ရေလွှမ်းမှုများနှင့် မြေပြိုမှုများဖြစ်ခဲ့ရာ ငါးဦး သေဆုံးခဲ့ခြင်းဖြစ်သည်။ ကြိုင်လီမြို့၊ တန်ကျူနှင့် မာကျောင်စီရင်စုများအတွင်းရှိ ဒေသနေပြည်သူ ၂၂၆၀၀၀ ရေဘေးသင့်နေကြောင်း ပြည်နယ်အစိုးရက ပြောကြားသည်။

ပြိုလဲပျက်စီးသည့် အိမ်ခြေ ၉၀၀ နီးပါးရှိပြီး ဒုက္ခသည် ၂၂၀၀ ကျော်ကိုလည်း နေရပ်ပြောင်းရွှေ့ပေးထားရသည်။ စိုက်ပျိုးမြေဟက်တာပေါင်း ၇၄၀၀ ရေလွှမ်းနေကြောင်း သတင်းတွင် ဖော်ပြသည်။

ပြည်နယ်မိုးလေဝသဌာနက ဇွန် ၁၁ ရက်တွင် ရာသီဥတုအခြေအနေ ပြန်လည်ကောင်းမွန်လာပြီဖြစ်ကြောင်း၊ ဒေသအများအပြားတွင်လည်း မိုးများရပ်စဲသွားမည်ဟု ခန့်မှန်းကြောင်း ပြောကြားခဲ့သည်။ **(အင်တာနက်)**

နပိုလီယံ၏ တစ်ကျွန်းစံဘဝတွင် အင်္ဂလိပ်စာဖြင့်ရေးသားထားသော ရှားပါးပေးစာတစ်စောင် အမေရိကန်ဒေါ်လာလေးသိန်းဖြင့် လေလံတင်ရောင်းချ

ပါရီ ဇွန် ၁၁

တစ်ခေတ်တစ်ချိန်က အင်ပါယာအရှင်တစ်ပါးဖြစ်ခဲ့သော စစ်ဘုရင်ကြီး နပိုလီယံ၏ နေဝင်ချိန် စိန့်ဟယ်လီနာ တစ်ကျွန်းစံဘဝတွင် အင်္ဂလိပ်စာဖြင့် ရေးသားထားသော ရှားပါးပေးစာတစ်စောင်ကို လေလံတင်ရောင်းချရာ ယူရို ၃၂၅၀၀၀ (ပေါင် ၂၆၄၀၀၀၊ အမေရိကန်ဒေါ်လာ ၄၀၀၀၀၀)ဖြင့် ရောင်းချနိုင်ခဲ့သည်။

လေလံဆွဲ

ပြင်သစ်နိုင်ငံ ပါရီမြို့တောင်ပိုင်း မွန်တိန်နီဘလူးအရပ်ရှိ အိုစေးနက်လေလံရုံးတွင် နပိုလီယံ၏ ရှားပါးပေးစာကို မျှော်လင့်ထားသည့် တန်ဖိုးထက်အဆငါးဆကျော်တန်ကြေးပေးကာ လေလံဆွဲဝယ်ယူသွားခဲ့ခြင်းဖြစ်သည်။

တောင်ပိုင်းအတ္တလန္တိတ်ကျွန်းတစ်ကျွန်းဖြစ်သော စိန့်ဟယ်လီနာကျွန်းပေါ်သို့ ပြည်နှင်ဒဏ်ပေးပို့ခံထားရချိန် အင်္ဂလိပ်စာကို သင်ယူခဲ့စဉ် ၁၈၁၆ ခုနှစ်အတွင်းက နပိုလီယံရေးသားခဲ့သော အင်္ဂလိပ်လိုပေးစာတစ်စောင်ကို သူ့ထက်ငါ အပြိုင်အဆိုင် လေလံဆွဲခဲ့ကြခြင်းဖြစ်ပြီး ပါရီမြို့တွင်းရှိ ပြင်သစ်စာသဝဏ်လွှာများနှင့် လက်ရေးစာမူများပြတိုက်က လေလံအောင်ကာ ဝယ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**



ရှားပါးပေးစာ

ဧကရာဇ် နပိုလီယံသည် ၁၈၁၅ ခုနှစ် ဝါတာလူးစစ်ပွဲအတွင်း အရေးနိမ့်ကျဆုံးခဲ့ကာ စိန့်ဟယ်လီနာကျွန်းတွင် အကျဉ်းကျခံခဲ့ရသည်။ ယခု လေလံတင်သည့် သူ၏စာမှာ သူ၏လက်ထောက်ဖြစ်သူ၊ သူ့အား အင်္ဂလိပ်စာသင်ပြပေးသူ အယ်မြူရယ်ထံသို့ ရေးသားထားသော ၁၈၁၆ ခုနှစ် မတ်လ ၉ရက်နေ့ရက်စွဲတပ် ရှားပါးပေးစာတစ်စောင် ဖြစ်သည်။ စစ်ဘုရင်ကြီး နပိုလီယံသည် စိန့်ဟယ်လီနာကျွန်းအကျဉ်းစံဘဝတွင် အသက် ၅၁ နှစ်အရွယ် ၁၈၂၁ ခုနှစ်အတွင်း၌ ကွယ်လွန်ခဲ့သည်။ **(အင်တာနက်)**

အသက် ၇၅ နှစ် ရှိပြီဖြစ်သော ကမ္ဘာ့အသက်အကြီးဆုံးအမျိုးသမီးကာယဗလမယ် အန်နီစတင်း

ဘယ်တီမိုး ဇွန် ၁၁

ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသမီးကာယဗလလေ့ကျင့်သူ အသက် ၇၅ နှစ် အရွယ်ရှိပြီဖြစ်သော အမေရိကန်နိုင်ငံမှ အန်နီစတင်းရှိဖရက်အကြောင်းကို အင်တာနက်သတင်းတစ်ရပ်တွင် ဇွန် ၁၀ ရက်က ဖော်ပြလာသည်။

အန်နီသည် **(ဝဲပုံ)** ဇရာအိုအရွယ်ရောက်နေပြီဖြစ်သော်လည်း ကိုယ်ကာယဗလ ကြံ့ခိုင်မှုလေ့ကျင့်ခန်းများ ယူနေဆဲပင်ဖြစ်ပြီး "အသက်အရွယ်သည် ဘာမှအရေးမပါပါ။ ကိန်းဂဏန်းအရေအတွက်သာ ဖြစ်ပါတယ်"ဟု လည်း ခေါင်းမာစွာ ပြောဆိုနေဆဲရှိသူဖြစ်သည်။

စတင်လေ့ကျင့်

သူမသည် အားကစားရုံသို့မသွားမီ နေ့စဉ်နေ့တိုင်း ၁၀ မိုင်ခရီးကို အချိန် နှစ်နာရီခွဲခန့် လမ်းလျှောက်လေ့ကျင့်ခန်း ပြုလုပ်နေကျဖြစ်သည်။ အမျိုးသမီးကာယဗလ ပြိုင်ပွဲများသို့လည်း ဝင်ရောက်ယှဉ်ပြိုင်သူအန်နီသည် ကိုယ်ကာယလေ့ကျင့်ခန်းများကို အသက် ၇၁ နှစ်ဝင်စအရွယ်က စတင်လေ့ကျင့်ခဲ့သူဖြစ်သည်။

ဘဝသက်တမ်းတစ်လျှောက်မှာ မှန်ကန်တဲ့ အသက်မွေးဝမ်းကျောင်းဖြစ်ကြောင်း၊ နေ့စဉ်လူမှုဘဝတွင် ပိုမိုကျန်းမာကြံ့ခိုင်သော ဘဝတစ်ခုပိုင်ဆိုင်ဖို့ရန် အခြားသူများကိုလည်း လမ်းပြကူညီပေးလျက်ရှိပါကြောင်း အန်နီက ဖွင့်ဟပြောကြားသည်။

(အင်တာနက်)

လာမည့်ဆယ်စုနှစ်အတွင်း လေဆိပ်သစ် ၄၅ ခု အင်ဒိုနီးရှားတည်ဆောက်မည်

ဂျကာတာ ဇွန် ၁၁

အင်ဒိုနီးရှားနိုင်ငံ၏ လေကြောင်းဆိုင်ရာ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လာမည့် ဆယ်စုနှစ်အတွင်း လေဆိပ်သစ် ၄၅ ခုကို တည်ဆောက်ရန်နှင့် နေရာပြောင်းရွှေ့ဖွင့်လှစ်ခြင်းများ ဆောင်ရွက်ရန် သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက စီမံကိန်းဆွဲကာ လုပ်ဆောင်လျက်ရှိကြောင်း အင်ဒိုနီးရှား အထက်တန်းအရာရှိတစ်ဦးက ဇွန် ၁၁ ရက်တွင် ပြောကြားသည်။

ယခုစီမံကိန်းသည် နိုင်ငံ၏လေကြောင်းလုပ်ငန်းများ တစ်မုဟုတ်ချင်း ပြောင်းလဲတိုးတက်သွားစေရန် ရည်မှန်းချက်ထားကာ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ခရီးသည်များ သယ်ယူပို့ဆောင်ရေး အဆင်ပြေစေရေးအတွက်သာမက လေကြောင်းလိုင်းများနှင့် ပျံသန်းမှုများ၊ ခရီးစဉ်များပါ ကျယ်ပြန့်ကြီးထွားလာစေရေးအတွက်လည်းဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေးဌာန၏ ညွှန်ကြားရေးမှူးချုပ် ဟာရီဘာကတီက ပြောကြားခဲ့ခြင်းဖြစ်သည်။

စီမံကိန်းလက်ဦးလုပ်ငန်းအဖြစ် ၂၀၁၇ ခုနှစ်အထိ လေဆိပ်သစ် ၂၄ ခုကို အပြီးတည်ဆောက်မည်ဖြစ်သည်။ ကျန်စီမံကိန်းလျာထားချက်ကိုမူ ၂၀၂၂ ခုနှစ်အထိ တဖြည်းဖြည်းဖော်ဆောင်သွားမည်ဖြစ်သည်။ **(အင်တာနက်)**

ဆေးရုံကြီးများသို့ အလှူငွေပေးအပ်ပွဲ မြစ်ကြီးနားမြို့၌ ကျင်းပ

နေပြည်တော် ဇွန် ၁၁

ကချင်ပြည်နယ်အစိုးရအဖွဲ့က မြစ်ကြီးနားမြို့ ခုတင်(၃၀၀)ဆေးရုံကြီးနှင့် ဗန်းမော်မြို့ ခုတင်(၂၀၀)ဆေးရုံကြီးတို့သို့ အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဇွန် ၈ ရက် နံနက် ၉ နာရီတွင် မြစ်ကြီးနားမြို့ အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်းက အမှာစကားပြောကြားပြီး ကချင်ပြည်နယ် အစိုးရအဖွဲ့မှလှူဒါန်းသော အလှူငွေကျပ်သိန်း ၁၅၀ ကို ပေးအပ်လှူဒါန်းရာ မြစ်ကြီးနားမြို့ အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာစုစုဒွေးနှင့် ဗန်းမော်မြို့ ပြည်သူ့ဆေးရုံကြီးမှ တာဝန်ရှိသူတို့ကလက်ခံကြပြီး မြစ်ကြီးနားဆေးရုံအုပ်ကြီးက ငွေလှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆေးရုံကြီးအတွင်း ဆေးဝါးကုသမှုခံယူနေကြသည့် လူနာများအား လှည့်လည်ကြည့်ရှုအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ *ရှေ့ဖုံးမှ*

ဦးမြစိုးမိသားစု၊ ရွှေလှေသောင်ကျေးရွာက အလှူငွေကျပ် သိန်း ၂၀ တို့အပါအဝင် ကျောင်းရွာကျေးရွာအုပ်စု၊ ကဝက္ကင်းကျေးရွာအုပ်စု၊ ဦးကျော်ဝင်း (Fourteen Star ကုမ္ပဏီ)၊ ဒေါ်ဝင်းမာမိသားစု၊ ထန်းပင်ကွေ့ အရှေ့ကျေးရွာအုပ်စု၊ ခနောင်ထော်၊ သုံးကြိုင်၊ သုံးခွ၊ ထရော်ဝ၊ ကျုံသင်၊ ထရော်ညောင်ဝိုင်း၊ ဝဲဒေါင့်၊ အခြုံ၊ ခနောင်၊ ကျုံတာလေး၊ ထရော်ပေကုန်း၊ တာပတ်အရှေ့၊ ထရော်စခန်းကြီး၊ အဂါး ကျေးရွာအုပ်စုများမှ ပြည်သူများက စုစုပေါင်းအလှူငွေကျပ် ၄၉၀၈ ဒသမ ၂၄၇ သိန်းတို့ကို အသီးသီးပေးအပ်လှူဒါန်းကြသည်။

ဆက်လက်ပြီး တိုက်နယ်ဆေးရုံ ဆေးပဒေသာပင်အတွက် ဦးသက်တင်ဝင်း - ဒေါက်တာ ခင်နီလာအေး (Moon Ray ကုမ္ပဏီ)က အလှူငွေကျပ် ၂၁၈ သိန်း၊ မိုးကြယ်စင်ကုမ္ပဏီက အလှူငွေကျပ် သိန်း ၁၀၀၊ မက်စ်မြန်မာကုမ္ပဏီက အလှူငွေကျပ် သိန်း ၁၀၀၊ ပါဝါရွှေဆိုင်နှင့် ဦးရန်ဝင်းတို့က အလှူငွေကျပ် ၁၀ သိန်းစီတို့ အပါအဝင် စုစုပေါင်း ဆေးပဒေသာပင်အလှူငွေကျပ် ၄၆၉ ဒသမ ၉၅ သိန်းကို လှူဒါန်းကြသည်။

ယင်းနောက် ဆေးရုံဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်တို့က ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြသည်။

အားပေးစကားပြောကြား

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် တိုက်နယ်ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုကြပြီး ဆေးရုံတက်လူနာများအား ထောက်ပံ့ငွေများ ပေးအပ်ကာ အားပေးစကားပြောကြားသည်။

ကျောင်းရွာစံပြကျေးရွာ တိုက်နယ်ဆေးရုံသည် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ကျောင်းရွာ စံပြကျေးရွာရှိ မြေဧရိယာ ၇ဒသမ ၃၇ ဧကပေါ်တွင် အလှူရှင်များ၏ လှူဒါန်းငွေများဖြင့် တည်ဆောက်ထားကြောင်း၊ ဆေးရုံကို သံကူကွန်ကရစ် တစ်ထပ်ဆောင်များဖြင့် တည်ဆောက်ထားပြီး (၁၂၈ × ၁၁၆ × ၁၂) ပေရှိ ဆေးရုံပင်မဆောင်တစ်ဆောင်၊ (၂၇×၂၇×၁၂)ပေရှိ ဆရာဝန်နေအိမ်နှစ်လုံး၊ (၉၆×၃၀×၁၂)ပေရှိ ခြောက်ခန်းတွဲဝန်ထမ်းအိမ်ရာတစ်လုံး၊ (၅၆×၂၅×၁၂)ပေရှိ လူနာစောင့်နားနေဆောင်တစ်လုံးတို့ ပါရှိကြောင်း သိရှိရသည်။

ပေါ်ထွန်းလာ

အဆိုပါ ကျောင်းရွာစံပြကျေးရွာသည် မအူပင်မြို့၏ အရှေ့ဘက်ရှိ သုံးခွကျွန်းပေါ်တွင်တည်ရှိပြီး ယခင်ကျေးလက်ကျန်းမာရေးဌာနဖြင့်သာ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ယခုကဲ့သို့ ကျောင်းရွာစံပြကျေးရွာ တိုက်နယ်ဆေးရုံသစ်ကြီးအား အလှူရှင်များ၏ လှူဒါန်းငွေများဖြင့် တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းကြောင့် သုံးခွကျွန်းဒေသအတွင်းရှိ ကျောင်းရွာ၊ သုံးခွ၊ သုံးကြိုင်၊ ကဝက္ကင်း၊ ကျုံတာလေး၊ ခနောင်၊ ဝဲဒေါင့်၊ ကျုံသင်၊ အဂါး၊ ထရော်ဝ၊ ထရော်ပေကုန်း၊ ထရော်စခန်းကြီး၊ ထရော်ညောင်ဝိုင်း၊ အခြုံ၊ တာပတ်အရှေ့၊ ထန်းပင်ကွေ့အရှေ့၊ ခနောင်ထော်ကျေးရွာအုပ်စုနေ ကျေးလက်ပြည်သူ ၆၉၅၉၆ ဦးအပြင် တိုးမြစ်မြောက်ဘက်ခြမ်းရှိ မလက်တို၊ ထနီး၊ လေးအိမ်စုကျေးရွာအုပ်စုနေ ကျေးလက်ပြည်သူများအတွက်ပါ ကျန်းမာရေးအတွက် အားထားစရာ တိုက်နယ်ဆေးရုံတစ်ခု ပေါ်ထွန်းလာပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လမ်း၊ တံတားများနှင့်လမ်းအသုံးပြုခကောက်ခံရေးစခန်းများ ဒုတိယဝန်ကြီး ဦးစိုးတင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဇွန် ၈ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်-ကျွဲရှင်-ပန်းတင်လမ်းပိုင်း အဆင့်မြှင့်တင်မှုလုပ်ငန်းများ၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးနှင့် မိတ္ထီလာလမ်းခွဲမှတစ်ဆင့် မိတ္ထီလာ-ကျောက်ပန်းတောင်း-ညောင်ဦး-ပခုက္ကူလမ်းတစ်လျှောက်တို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ထို့နောက် မိုင်တိုင်အမှတ်(၅၅/၀)ရှိ မြတ်နိုးသူကုမ္ပဏီက B.O.T စနစ်ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသော မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်းပေါ်ရှိ လမ်းအသုံးပြုခကောက်ခံရေးစခန်း၌ မော်တော်ယာဉ်များ ဖြတ်သန်းမှု၊ နေ့စဉ်ဝင်ငွေရရှိမှု၊ ကုန်တင်ယာဉ်ကြီးများအား ကတ္တားဖြင့်ချိန်တွယ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ကုမ္ပဏီအစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒုတိယဝန်ကြီးက သတ်မှတ်ထားသောနှုန်းထားများအတိုင်းကောက်ခံရန်၊ တန်ပိုယာဉ်များ ဖြတ်သန်းမှုမရှိစေရေး အလေးထားဆောင်ရွက်ရန်၊ လမ်းပေါ်တွင် မိုင်တိုင်များ စနစ်တကျစိုက်ထူထားရန်နှင့် လမ်းပျက်စီးမှုမရှိစေရေးအတွက် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ အမြဲမပြတ် ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လပွတ္တာ၌ဆောင်ရွက်

လပွတ္တာ ဇွန် ၁၁

လပွတ္တာမြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နှိမ်နင်းရေးအတွက် ဇွန် ၉ ရက်က ခရိုင်အုပ်ချုပ်ရေးမှူး ဦးကံဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘိုဘိုမင်းသိုက်၊ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာသန်းဒွေးအောင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များပူးပေါင်း၍ မြို့ပေါ်ရှိစာသင်ကျောင်းများ၊ ခြင်ဆေးမှုတ်ခြင်း၊ အိမ်ထောင်စုအားလုံးရှိ မိုးရေလှောင်ကန် ရေစည်၊ရေအိုးများအားလုံးတွင် အဘိတ်ပိုးလောက်လမ်းသတ်ဆေးခတ်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ **(အပေါ်ဝဲပုံ)**

ထို့နောက် ကျန်းမာရေးဝန်ထမ်းများက ရပ်ကွက်ပြည်သူများအား ဆေးစိမ်ခြင်ထောင်နှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး ခြင်ထောင် ဆေးစိမ်ဆေးပြားများကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဇွန် ၈ ရက်က ကွမ်းခြံကုန်းမြို့နယ် သပြုစမ်းကျေးရွာအုပ်စုတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးအောင်မြင့်နှင့် ဝန်ထမ်းများသည် မိုးပွင့်အဆင့်(၃) စီမံချက်ဖြင့် ကျေးရွာပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့ အမက(၁) ရာပြည့် စာသင်ကျောင်းဆောင်ဆောက်လုပ်ရန် အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို အမက(၁) ကျောင်း၌ ဇွန် ၈ ရက်ကကျင်းပရာ ရန်ကုန်မြို့နေ ဦးမောင်မောင်ငွေနှင့်ဇနီး ဒေါ်နန်း မောက်လောဝ်ခမ်း၊ ညီမ နန်းဆိုင် နောင့်လင်းမိသားစုတို့က အလှူငွေကျပ် ၄၅ သိန်းကို ကျောင်းအကျိုးတော်ဆောင်နာယက ဒေါ်တင်တင်ဦးထံ ပေးအပ်လှူဒါန်းစဉ်။
(မြန်မာ့အလင်း)

မြန်မာ့အလင်း ပြည်တွင်းအားကစား ပြည်တွင်းအားကစား

ပို့ဆောင်နှုတ်ဆက်

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ဇွန် ၁၁ ရက်မှ ၁၅ ရက်အထိ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာပန်ကြပ်ဆီလပ်အဖွဲ့ချုပ်သို့ သွားရောက်လေ့လာရန် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးမျိုးနောင်၊ တွဲဖက်အတွင်းရေးမှူး ဦးအောင်နိုင်ဦး၊ အမှုဆောင်ဦးသိန်းဦးနှင့် ဒေါ်ရူပါသိန်း၊ နိုင်ငံခြားနည်းပြ Mr.Syah တို့ ဇွန် ၁၁ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးရဲမြင့်နှင့် ဒေါ်ယွပ်ဆိုင်းအိန်တို့ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (မြန်မာ့အလင်း)

ဂေါက်သီးရိုက်ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာလူငယ်ဂေါက်သီးရိုက်အသင်း ထိုင်းနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဇွန် ၁၁

၂၀၁၂ ခုနှစ် ဇွန် ၁၃ ရက်မှ ၁၅ ရက်အထိ ထိုင်းနိုင်ငံ Burapha Golf and Resort ၌ ကျင်းပမည့် Mercedes-Benz Junior Golf Championship လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် ဦးမျိုးထွန်း ခေါင်းဆောင်သော မြန်မာလူငယ်ဂေါက်သီးရိုက်အသင်းသည် ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသည်။ **(အောက်ဝဲပုံ)**

လိုက်ပါသွား

မြန်မာလူငယ်ဂေါက်သီးရိုက်အသင်းတွင် နည်းပြဆရာများအဖြစ် Professional Golfer များ ဖြစ်ကြသော ဦးချမ်းဟန်နှင့် စိုးကျော်နိုင်တို့ဖြစ်ကြပြီး မြန်မာလူငယ်ဂေါက်သီးရိုက်အားကစားသမားများအဖြစ် အသက် ၁၂ နှစ်အောက် ကောင်းမင်းထွဋ်၊ ကျော်စိုးဟန်၊ ဥက္ကာမျိုး၊ ပြည့်ဖြိုးသူ၊ သီဟမျိုးဆက်၊ ဟိန်းစည်သူ၊ အသက် ၁၄ နှစ်အောက် ဘုန်းပြည့်ချမ်းဟန်နှင့် သန်းထွန်းအောင်၊ အသက် ၁၈ နှစ်အောက် အောင်မြင့်ထွေးနှင့် အောင်ချစ်မင်း၊ အသက် ၂၃ နှစ်အောက် သီဟဌေးနှင့် ဇင်မင်းသူ၊ အမျိုးသမီး အသက် ၁၂ နှစ်အောက် ဖူးပွင့်ရတီခိုင်၊ ပွင့်ဖူးနဒီခိုင်၊ ပွင့်ဖူးနဒီအောင်၊ အသက် ၁၈ နှစ်အောက် ယဉ်မေမျိုးနှင့် အသက် ၂၃ နှစ်အောက် မေဦးခိုင်တို့ လိုက်ပါသွားကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း မှုခင်းသတင်း

ယာဉ်ကြောပြောင်းပြန်မောင်းသည့်ယာဉ် လမ်းဖြတ်ကူးသူ ဝင်တိုက်

ရန်ကုန် ဇွန် ၁၁

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်းထိပ်ရှိ ပြည်လမ်းမပေါ်တွင် ဇွန် ၁၀ ရက် ည ၉ နာရီခန့်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့သည် စမ်းချောင်းလမ်းဘက်မှ ပြည်လမ်းမအားဖြတ်ကူးစဉ် လမ်းလယ်မျဉ်းသို့မရောက်မီ တစ်ဖက်ယာဉ်ကြောမှ ယာဉ်ကြောပြောင်းပြန်မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးကဝင်တိုက်ပြီး ရပ်တန့်ခြင်းမပြုဘဲ ဒဂုံစင်တာဘက်သို့ ဆက်လက်မောင်းနှင်သွားကြောင်း သိရှိရသည်။

ဒဏ်ရာများရရှိ

ယာဉ်တိုက်မှုကြောင့် အမျိုးသားဖြစ်သူမှာ ခေါင်း၊ လက်၊ ခါး၊ ခြေထောက်တွင် လည်းကောင်း၊ အမျိုးသမီးမှာ ခေါင်း၊ ခြေထောက်နှင့် ရင်ဘတ်တို့တွင်လည်းကောင်း ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။ **(၁၆၃)**

12-6 (06).pmd 1 6/12/2012, 2:14 AM

ကိုသစ္စာ - ရေးသားသည်

ရုပ်ရှင်မင်းသမီး မီလေဆိုင်းရပ်စ်တို့စုံတွဲ ဇာတ်ကားသစ်ရိုက်ကူးမည်

လော့စ်အိန်ဂျလိစ် ဇွန် ၁၁

ဇွန် ၆ ရက်က စေ့စပ်ခဲ့တဲ့ ရုပ်ရှင်မင်းသမီး မီလေဆိုင်းရပ်စ်ကို ဒါရိုက်တာ ရှိတ်မင်းက ဇာတ်ကားသစ်တစ်ကား ရိုက်ကူးဖို့ခေါ်ယူနေတာမို့ အဆိုတော်နဲ့ရုပ်ရှင်မင်းသမီး မီလေဆိုင်းရပ်စ် (ဝဲပုံ)ဟာ လော့စ်အိန်ဂျလိစ်မြို့ကို ဇွန် ၁၁ ရက်မှာ ရောက်ရှိလာပါတယ်။

ဒါရိုက်တာ ရှိတ်မင်းဟာ ၂၀၀၉ ခုနှစ်က ရိုက်ကူးခဲ့တဲ့ The Last Song အမည်ရှိတဲ့ ရုပ်ရှင်ကားကို အောင်မြင်မှုမျိုးရရှိအောင် မီလေဆိုင်းရပ်စ်နဲ့ရိုက်ကူးသွားဖို့စီစဉ်နေခြင်းဖြစ်ပါတယ်။ ရုပ်ရှင်မင်းသမီးမီလေဆိုင်းရပ်စ်ဟာ ဇွန် ၆ ရက်က ရုပ်ရှင်မင်းသား လိန်းဟမ်းစဝပ်နဲ့ တရားဝင်စေ့စပ်ခဲ့သူဖြစ်ပါတယ်။

စီစဉ်နေ

အခုရိုက်ကူးမယ့် ဇာတ်ကားသစ်မှာ ရုပ်ရှင်မင်းသားလိန်းဟမ်းစဝပ်လည်း ပါဝင်သရုပ်ဆောင်ဖို့ ဒါရိုက်တာ ရှိတ်မင်းက စီစဉ်နေပါတယ်။ ဒီဇာတ်ကားမှာ ရုပ်ရှင်မင်းသားလိန်းဟမ်းစဝပ်ရဲ့ စရိုက်နဲ့ကိုက်ညီမယ့် ဇာတ်ဝင်ခန်းတွေ အများအပြား ပါဝင်တယ်လို့ ဆိုပါတယ်။ ဒါရိုက်တာ ရှန့်မင်းရဲ့ဇာတ်ကားသစ်ကို လောလောဆယ်မှာတော့ လော့စ်အိန်ဂျလိစ်မြို့မှာ ဇာတ်ဝင်ခန်းတွေစတင်ရိုက်ကူးဖို့စီစဉ်နေပြီဖြစ်ပါတယ်။ မီလေဆိုင်းရပ်စ်တို့နှစ်ဦးဟာ ဇနီးမောင်နှံအဖြစ် လိုက်ဖက်သလို ဇာတ်ကားတစ်ကားတည်းမှာ တွဲဖက်သရုပ်ဆောင်တဲ့အခါမှာလည်း အတွဲညီတဲ့သရုပ်ဆောင်တွေဖြစ်တယ်လို့လည်း ဒါရိုက်တာရှိတ်မင်းက ပြောကြားပါတယ်။

ပြောကြား

အဆိုတော်နဲ့ ရုပ်ရှင်မင်းသမီး မီလေဆိုင်းရပ်စ်ဟာ ယခုဇာတ်ကားမှာပါဝင်သရုပ်ဆောင်ဖို့ စိတ်ဝင်စားနေပြီး ဇာတ်ကားအမည်ကို ဒါရိုက်တာက ထုတ်ဖော်မပြောကြားတာကလည်း စိတ်ဝင်စားမှု၊ ထူးခြားမှုတစ်ရပ်ဖြစ်တယ်လို့ ဆိုနေပါတယ်။ အဲဒီဇာတ်ကားကို ၂၀၁၂ နှစ်ကုန်မှာ စတင်ရုံတင်ပြသနိုင်အောင် ရိုက်ကူးသွားမယ်လို့ ဒါရိုက်တာရှိတ်မင်းက ပြောကြားနေပါတယ်။ **(အင်တာနက်)**

ကနေဒါရုပ်ရှင်မင်းသားကြီး ဒေါ်နယ်ဆူသာလန် ပြင်သစ်နိုင်ငံ၏ရုပ်ရှင်အနုပညာဆိုင်ရာ ဆုချီးမြှင့်

ပါရီ ဇွန် ၁၁

ကနေဒါရုပ်ရှင်မင်းသားကြီး ဒေါ်နယ်ဆူသာလန် **(ဝဲပုံ)**အား ပြင်သစ်နိုင်ငံ၏ ရုပ်ရှင်အနုပညာဆိုင်ရာ ဂုဏ်ထူးဆောင်ဆုကို ချီးမြှင့်လိုက်ကြောင်း၊ ယင်းဆုကို ပြင်သစ်နိုင်ငံ ပါရီမြို့၌ ဇွန် ၁၀ ရက်က ပေးအပ်ချီးမြှင့်ခြင်းဖြစ်ကြောင်း ဇွန် ၁၁ရက်က သတင်းထုတ်ပြန်သည်။

အသက် ၇၆ နှစ်အရွယ်ရှိ ရုပ်ရှင်မင်းသားကြီး ဒေါ်နယ်ဆူသာလန်သည် ရုပ်ရှင်ကားပေါင်း ၁၀၀ ကျော်မှ ရရှိသည့်ငွေကြေးများကို အများပြည်သူတို့အတွက် လှူဒါန်းခဲ့ခြင်းကြောင့်ဖြစ်သည်။ ယင်းဇာတ်ကားများတွင် သူကိုယ်တိုင်ပါဝင်သရုပ်ဆောင်ခဲ့သောကားများအပြင် အခြားဇာတ်ကားများလည်းပါဝင်သည်။

ထို့အပြင် ရုပ်ရှင်ကားအများအပြားကို အများပြည်သူများ အခမဲ့ကြည့်ရှုခွင့်ရရှိအောင် သူ၏ကိုယ်ပိုင်ငွေကြေးအကုန်အကျခံကာ ရုပ်ရှင်ရုံများ၌ပြသခဲ့သည်။ ထို့ကြောင့် အနုပညာဆိုင်ရာ ဂုဏ်ထူးဆောင်ဆုကို ပြင်သစ်နိုင်ငံက ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ ယင်းဆုကို ပြင်သစ်နိုင်ငံ ပါရီမြို့၌ ပြင်သစ်ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဖရက်ဒီရစ်မီကာရင့်က ဂုဏ်ပြုချီးမြှင့်ပေးအပ်ခဲ့ခြင်းဖြစ်သည်။ ရုပ်ရှင်မင်းသားကြီး ဒေါ်နယ်ဆူသာလန်သည် The Hunger Games ကဲ့သို့နာမည်ကြီး ရုပ်ရှင်ကားများကိုလည်း အများပြည်သူတို့အခမဲ့ကြည့်ရှုခွင့်ရအောင် ကူညီဖြည့်ဆည်းပေးခဲ့သည်။ ကနေဒါရုပ်ရှင်မင်းသားကြီး ဒေါ်နယ်ဆူသာလန်၏ ဇနီးဖြစ်သူမှာ ပြင်သစ်နိုင်ငံသူဖြစ်ပြီး ပြင်သစ်နိုင်ငံ၏ အနုပညာနှင့်ယဉ်ကျေးမှုကိုလည်း အလေးထားသူတစ်ဦးဖြစ်သည်။ ယင်းဂုဏ်ပြုဆုကို ယခင်က ရုပ်ရှင်မင်းသားကြီး ကလင့်အိစ်ဝုဒ်လည်း ရရှိခဲ့ဖူးသည်။ **(အင်တာနက်)**

ရုပ်ရှင်မင်းသားဂျိမ်းစ်ဖရန်ကိုနှင့် ရုပ်ရှင်မင်းသမီးခရစ္စတင်းစတီးဝပ်တို့ ဇာတ်ကားသစ်ရိုက်ကူးမည်

လော့စ်အိန်ဂျလိစ် ဇွန် ၁၁

ဟောလိဝုဒ်ရုပ်ရှင်မင်းသမီးခရစ္စတင်းစတီးဝပ်ဟာ လာမယ့်အော်စကာဆုပေးပွဲမှာ အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုရရှိနိုင်တယ်လို့ ဟောလိဝုဒ်ရုပ်ရှင်မင်းသားဂျိမ်းစ်ဖရန်ကိုက ဇွန် ၁၁ ရက်မှာ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ သူကိုယ်တိုင် ပူးတွဲထုတ်လုပ်မယ့်ဇာတ်ကားသစ်မှာ ရုပ်ရှင်မင်းသမီးခရစ္စတင်းစတီးဝပ် (ယာပုံ) ကို ခေါ်ယူရိုက်ကူးသွားမယ်လို့ ဆိုပါတယ်။

အသက် ၃၄ နှစ်အရွယ်ရှိပြီး 127 Hours အမည်ရှိတဲ့ဇာတ်ကားနဲ့ အော်စကာဆုအတွက် အမည်စာရင်းတင်သွင်းခံခဲ့ရဖူးတဲ့ ရုပ်ရှင်မင်းသား ဂျိမ်းစ်ဖရန်ကိုဟာ သူကိုယ်တိုင် ပူးတွဲထုတ်လုပ်မယ့် ရုပ်ရှင်ကားသစ်မှာ ရုပ်ရှင်မင်းသမီး ခရစ္စတင်းစတီးဝပ်ကို ပါဝင်သရုပ်ဆောင်စေဖို့ ရည်ရွယ်ထားတယ်လို့ ပြောကြားနေပါတယ်။ ဂျိမ်းစ်ဖရန်ကို ပါဝင်သရုပ်ဆောင်ပြီး ပူးတွဲထုတ်လုပ်သူအဖြစ် တာဝန်ယူလုပ်ကိုင်မယ့် ဇာတ်ကားသစ်ကတော့ One the Road ဇာတ်ကားကို အခြေခံပြီးရိုက်ကူးမယ့် ဇာတ်ကားပဲဖြစ်ပါတယ်။ အဲဒီဇာတ်ကားဟာ ရုပ်ရှင်မင်းသမီးခရစ္စတင်းစတီးဝပ်နဲ့ လိုက်ဖက်တဲ့ဇာတ်လမ်းပဲဖြစ်ပါတယ်။

အဲဒီဇာတ်ကားကို လာမည့် ၂၀၁၂ ခုနှစ်အကုန်မှာ ရိုက်ကူးပြီး ၂၀၁၃ ခုနှစ်အတွင်းမှာ ရုံတင်ပြသနိုင်အောင်ကြိုးစားသွားမယ်လို့ ရုပ်ရှင်မင်းသား ဂျိမ်းစ်ဖရန်ကိုက ပြောကြားပါတယ်။ (အင်တာနက်)

ကောင်းမြတ်သူ - စုစည်းသည်

လက်ရှိချန်ပီယံ စပိန်နှင့်အီတလီတို့ထက် ခရိုအေးရှားအုပ်စုတက်ရန် အခြေအနေကောင်း

ပေါ့နန် ဇွန် ၁၁

ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲများကို ဇွန် ၁၁ ရက် နံနက်ပိုင်းက ဆက်လက်ကျင်းပလျက်ရှိရာ အုပ်စု(C) မှ ခရိုအေးရှားအသင်းက အိုင်ယာလန်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။ အိုင်ယာလန်တို့ ယင်းပွဲရှုံးနိမ့်သွားသဖြင့် အုပ်စုပွဲတက်ရန် အခက်ကြုံသွားသည်။ **(ဝဲပုံ)**

ချေပဂိုးသွင်း

ခရိုအေးရှားအသင်းအတွက် အဖွင့်ဂိုးကို မန်းဇူကစ်က ပွဲစပြီး သုံးမိနစ်မှာပင် သွင်းယူခဲ့ခြင်းဖြစ်သည်။ တိုက်စစ်မှူး မန်းဇူကစ်သည် ခေါင်းတိုက်ဂိုးဖြင့် အဖွင့်ဂိုး သွင်းယူပေးခဲ့သည်။ ယင်းဂိုးကို အိုင်ယာလန်အသင်းမှ စိန့်လက်ဂါက ပွဲချိန် ၁၉ မိနစ်တွင် ပြန်လည်ချေပဂိုးသွင်းယူခဲ့သည်။ ခရိုအေးရှားတို့ တိုက်စစ်အရှိန်မြှင့်ကစားခဲ့သဖြင့် ပထမပိုင်းပွဲပြီးရန် နှစ်မိနစ်အလို ဂျီလာဗစ်က ခရိုအေးရှားအသင်းအတွက် ဒုတိယမြောက်ဂိုးသွင်းယူပေးခဲ့သည်။ ဒုတိယပိုင်းပွဲအစတွင် ခရိုအေးရှားအသင်း တိုက်စစ်မှူး မန်းဇူကစ်ကပင် တတိယဂိုးသွင်းယူပေးခဲ့သည်။ အိုင်ယာလန်တို့ ချေပဂိုးရရှိရေး အကြိတ်အနယ်ကြိုးစားခဲ့သော်လည်း ဂိုးမရခဲ့ပေ။ ခရိုအေးရှားအသင်းသည် ပွဲစဉ်တစ်လျှောက် အိုင်ယာလန်အသင်းကို ဘောလုံးပိုင်ဆိုင်မှုအများဆုံးဖြင့် ထိန်းချုပ်ကစားနိုင်ခဲ့သည်။

တစ်အုပ်စုတည်းမှ စပိန်နှင့်အီတလီအသင်းတို့ တစ်ဖက်တစ်ဂိုးစီ သရေကျထားသဖြင့် အိုင်ယာလန်အသင်းအတွက် အုပ်စုတက်ရန် အလွန်ခက်ခဲသွားပြီဖြစ်သည်။ လောလောဆယ် ခရိုအေးရှားက ဂိုးပြတ်အနိုင်ရလိုက်သဖြင့် အုပ်စုတက်ရန် အလားအလာကောင်းနေသည်။ ယင်းပွဲတွင် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဘောလုံးသမားဆုကို ခရိုအေးရှားအသင်းမှ အနိုင်ဂိုး နှစ်ဂိုးသွင်းယူခဲ့သည့် မန်းဇူကစ်က ရရှိသွားခဲ့သည်။ **(အင်တာနက်)**

ချယ်လ်ဆီးယာယီနည်းပြဒီမတ်တီယို အမြဲတမ်းနည်းပြဖြစ်လာမည်

လန်ဒန် ဇွန် ၁၁

ရောဘတ်တိုဒီမတ်တီယိုအား ယခုသီတင်းပတ်တွင် ချယ်လ်ဆီးက အမြဲတမ်းနည်းပြအဖြစ် ခန့်အပ်နိုင်လိမ့်မည်ဟု မျှော်လင့်ရသည်။

အီတလီနိုင်ငံသား ဒီမတ်တီယို၏ ကိုယ်စားလှယ်များနှင့် ချယ်လ်ဆီးတာဝန်ရှိသူများသည် ယခုသီတင်းပတ်ကုန်ပိုင်းတွင် ဆွေးနွေးခဲ့ကြပြီးဖြစ်သည်။ အသက် ၄၁ နှစ်ရှိ ဒီမတ်တီယိုသည် အသင်းပိုင်ရှင်အေဘရာမိုဗစ်လိုလားနေသည့် နည်းပြအရည်အချင်းနှင့် ကိုက်ညီမှုရှိထားသည်ဟု ဆိုသည်။ ချယ်လ်ဆီးနည်းပြအဖြစ်လက်ခံရန် မူဘောင်အရ သဘောတူထားပြီးဖြစ်သည်။ ၎င်းအနေဖြင့် ချယ်လ်ဆီးအသင်း၏ အမြဲတမ်းနည်းပြဖြစ်လာရန် မျှော်လင့်ထားသည်။

ဝက်စ်ဘရွန်းနည်းပြဟောင်း ဒီမတ်တီယိုသည် ဇွန် ၆ ရက်က မိသားစုအားလပ်ရက်ခရီးစဉ်မှ ပြန်လာနေပြီဖြစ်သည်။ ချယ်လ်ဆီးအသင်းသည် ဒီမတ်တီယိုအား တရားဝင်နည်းပြအဖြစ် ကြေညာခြင်းမပြုမီ လန်ဒန်သို့ ပြန်လာရန် စောင့်ဆိုင်းလျက်ရှိသည်။

ဒီမတ်တီယိုအား မတ်လအတွင်းက ဗီးလက်ဘိုစ်ထွက်ခွာသွားပြီးနောက် ကြားဖြတ်ယာယီနည်းပြအဖြစ် ချယ်လ်ဆီးက ခန့်ထားခဲ့ခြင်းဖြစ်သည်။ ၎င်းအနေဖြင့် ပြီးခဲ့သည့်လက ချယ်လ်ဆီးအသင်းကို ချန်ပီယံလိဂ်ဖလားနှင့် အက်ဖ်အေဖလား ဆွတ်ခူးနိုင်ရန် ဦးဆောင်ပေးခဲ့သည်။ **(အင်တာနက်)**



ချယ်လ်ဆီး နည်းပြဖြစ်လာမည့် ဒီမတ်တီယို။

တရုတ်ဂေါက်သီးအားကစားမယ် ဖန်ရှန်ရှန် ပထမဆုံးသော အယ်လ်ပီဂျီအေဖလားဆွတ်ခူး

နယူးယောက် ဇွန် ၁၁

တရုတ်နိုင်ငံမှ အမျိုးသမီးဂေါက်သီးအားကစားမယ် ဖန်ရှန်ရှန်သည် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ဇွန် ၁၁ ရက်က ကျင်းပသော အယ်လ်ပီဂျီအေဂေါက်သီးရိုက်ပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့ပြီးနောက် အဓိကဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဗိုလ်စွဲသည့် ပထမဆုံးအမျိုးသမီးဂေါက်သီးအားကစားမယ်ဖြစ်လာခဲ့သည်။

ဗိုလ်စွဲခဲ့

အသက် ၂၂ နှစ်ရှိ ဖန်ရှန်ရှန်သည် ဇွန် ၁၁ ရက်က နောက်ဆုံးနေ့ပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ကစားရာ ၆၇ ချက်ရိုက်ပြီး ငါးချက်လျှော့ရိုက်နိုင်ခဲ့သည်။ သူမသည် ပြိုင်ပွဲတစ်လျှောက် စုစုပေါင်း ၂၈၂ ချက်ရိုက်ခဲ့သည်။ သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျှော့ရိုက်နိုင်ခဲ့သည်။ ရှန်ရှန်သည် ဂျပန်ဂေါက်သီးအားကစားမယ် မီယာဇာကိုထက် နှစ်ချက်အသာရပြီး ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

ရည်ရွယ်ထား

ဖန်ရှန်ရှန်သည် အသက် ၁၀ နှစ်အရွယ်ကတည်းက ဂေါက်သီးစတင်ကစားခဲ့သည်ဟုဆိုသည်။ သူမအနေဖြင့် ယခုကဲ့သို့ အဓိကဂေါက်သီးဆုဖလားကို ဆွတ်ခူးလိမ့်မည်ဟု မျှော်လင့်မထားခဲ့ဟုဆိုသည်။ သူမ၏ရည်မှန်းချက်မှာ ယခုနှစ်အတွင်း ဖလားများထပ်မံဆွတ်ခူးရေးနှင့် ကမ္ဘာ့ထိပ်တန်းဂေါက်သီးအားကစားမယ် ၁၀ ဦးစာရင်းတွင် ပါဝင်လာရန် ရည်ရွယ်ထားသည်ဟုဆိုသည်။ မိမိအနေဖြင့် ကမ္ဘာကျော်ဂေါက်သီးအားကစားမယ်အဖြစ် ဆက်လက်ကြိုးစားသွားမည်ဖြစ်ကြောင်း ဆုယူအပြီး သတင်းထောက်များအား ထုတ်ဖော်ပြောကြားလိုက်သည်။ **(အင်တာနက်)**

အမှိုက်ကစ ပြာသာဒ်မီးလောင်

ကိုကိုအောင်

ကျွန်တော် မြန်မာနိုင်ငံသားတစ်ဦးပါ။ ဗမာလူမျိုးတစ်ဦးပါ။ ဗမာမို့ ဗမာကို တန်ဖိုးထားပါသည်။ အခြားတိုင်းရင်းသားများကို တန်ဖိုးမထားခြင်း၊ အသိအမှတ်မပြုလိုခြင်းမဟုတ်ပါ။ ကိုယ့်လူမျိုးကို ပိုချစ်တတ်သည့် သဘောကိုသာ ဆိုလိုခြင်းဖြစ်ပါသည်။ ဗမာသည် ဗမာကိုချစ်မည်။ တန်ဖိုးထားမည်။ ကချင်သည် ကချင်ကို ချစ်မည်။ တန်ဖိုးထားမည်။ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း စသည်အားလုံး သူ့လူမျိုးကို သူချစ်ကြ၊ တန်ဖိုးထားကြပါမည်။

သို့သော် ကျွန်တော်တို့အားလုံး မှီတင်းနေထိုင်ကြသော ပြည်ထောင်စုနိုင်ငံတော်တွင် ဗမာချည်းရှိသည်မဟုတ်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း စသည်ချည်းမဟုတ်။ တိုင်းရင်းသားလူမျိုးပေါင်းစုံ ၁၀၀ ကျော် စုပေါင်းနေထိုင်ကြခြင်းဖြစ်၍ ဗမာနိုင်ငံလည်း မဟုတ်။ ကချင်နိုင်ငံလည်း မမည်။ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း စသည် လူမျိုးတစ်မျိုးချင်း၏ နိုင်ငံဟုလည်း မဆိုသာပေ။ ပြည်ထောင်စုနိုင်ငံဖြစ်တာနဲ့အညီ လူမျိုးအားလုံးနှင့် သက်ဆိုင်သော "မြန်မာ" ဟူသည့် အများဆိုင်နာမ်ဖြင့် ရပ်တည်ခဲ့သည်မှာ ကာလမြားမြောင် ကြာမြင့်လှပေပြီ။

မြန်မာနိုင်ငံသမိုင်းတွင် ပုဂံအနော်ရထာမင်းကြီးစိုးစံသော ပထမမြန်မာနိုင်ငံတော်၊ ဘုရင့်နောင်မင်းတရားကြီးစိုးစံသော ဒုတိယမြန်မာနိုင်ငံတော်နှင့် အလောင်းမင်းတရားကြီးစိုးစံသော တတိယမြန်မာနိုင်ငံတော်ဟူ၍ ထင်ရှားသော သမိုင်းရှိခဲ့ပြီး ဖြစ်သည်။ ကုန်းဘောင်ခေတ်နှောင်းပိုင်း သီပေါဘုရင်လက်ထက် မြန်မာ့ဦးစွန်း အနောက်သို့ ယွန်းသောအခါတွင်မှ မြန်မာဟူသည့် အသုံးအနှုန်း ကွယ်ပျောက်ခဲ့ရခြင်းဖြစ်သည်။ ထိုစဉ်အခါက မြန်မာနိုင်ငံကို ကျွန်ပြုအုပ်ချုပ်သော အင်္ဂလိပ်အုပ်စိုးသူတို့က ၎င်းတို့ အများဆုံး ထိတွေ့ဆက်ဆံသည့် ပြည်မသား "ဗမာ" လူမျိုးများကို အစွဲပြု၍ ၎င်းတို့ နှုတ်ကျိုးနေသည့် အတိုင်း ဗမာလူမျိုး (ဗမာနိုင်ငံ) ဟု ခေါ်တွင်ခဲ့ရာမှ ၎င်းတို့ အသံထွက်အတိုင်း(မပီကလာ၊ ပီကလာဖြင့်) ဘားမား (Burma) ဟု ခေါ်ဝေါ်သုံးနှုန်းခဲ့ခြင်းဖြစ်သည်။

[မှတ်ချက်။ မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် အင်္ဂလိပ်တို့က ဗမာပြည်မတစ်ခုတည်းကိုသာကွက်၍ လွတ်လပ်ရေးပေးရန် ကြံစည်ခဲ့သဖြင့် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်၍ ပင်လုံစာချုပ်ဖြင့် ပြည်နယ်/ပြည်မ မခွဲခြားဘဲ လွတ်လပ်ရေးရရှိရန် ကြိုးပမ်းခဲ့ကြသည်များကို လေ့လာကြည့်လျှင် မြန်မာနိုင်ငံကို (Burma) ဟု သုံးနှုန်းခဲ့ခြင်းမှာ မူလကပင် လူမျိုးရေးသွေးကွဲစေရန် အစီအမံရှိသည်ဟုလည်း သုံးသပ်နိုင်ပါသည်။]

ဆိုခဲ့သည့်အတိုင်း မြန်မာနိုင်ငံကို သမိုင်းတစ်လျှောက် မြန်မာ (Myanmar)ဟု သုံးနှုန်းခဲ့ရာမှ အင်္ဂလိပ်ကိုလိုနီလက်ထက်တွင် ဗမာ (Burma)ဟု သတ်မှတ်ခံခဲ့ရပြီး လူမျိုးကြီး၊ လူမျိုးငယ် (လူမျိုးစွဲ) အစွဲများကြောင့် တိုင်းရင်းသားချင်းသွေးကွဲကာ ပြည်တွင်းစစ်မီးတောက်လောင်ခဲ့ရသည်။ ယနေ့တိုင် ဖြေရှင်းနေရဆဲပြဿနာတစ်ရပ် ဖြစ်နေပါသည်။

မြန်မာနိုင်ငံတွင် ပေါ်ထွန်းခဲ့ဖူးသော ဖွဲ့စည်းပုံအခြေခံဥပဒေများကိုလေ့လာကြည့်လျှင် လွတ်လပ်ရေးမရမီ (အင်္ဂလိပ်လက်အောက်၌) ရေးဆွဲခဲ့ရသော အခြေခံဥပဒေ (၁၉၄၇)၏ အမည်မှာ "ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ"ဟု မြန်မာဘာသာဖြင့် ရေးသားသော်လည်း၊ English Version တွင် "The Constitution of the UNION OF BURMA"ဟု ရေးသားထားပြီး ယင်းဥပဒေ၏ ပုဒ်မ ၁ တွင် မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်သမ္မတနိုင်ငံဖြစ်သည်။ ထိုနိုင်ငံကို "ပြည်ထောင်စု မြန်မာနိုင်ငံ" ဟု ခေါ်ရမည်။ (Burma is Sovereign Independent Republic to the known as "The Union of Burma") ဟု ပြဋ္ဌာန်းထားကြောင်း တွေ့ရသည်။

သို့ရာတွင် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက်ပိုင်း ရေးဆွဲပြဋ္ဌာန်းသော အခြေခံဥပဒေ(၁၉၇၄)၏ အမည်ကို ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ The Constitution of the Socialist Republic of the Union of Myanmar ဟု ရေးသားသုံးစွဲခဲ့ပြီး ယင်းဥပဒေ၏ ပုဒ်မ ၁ တွင် ××× နိုင်ငံတော်ကို ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ဟု ခေါ်တွင်စေရမည်။ (The State shall be known as Socialist Republic of the Union of Myanmar)ဟု ပြဋ္ဌာန်းဖော်ပြထားပြီး ဖြစ်သည်။

အလားတူ ၂၀၀၈ ခုနှစ်တွင် ရေးဆွဲအတည်ပြုပြဋ္ဌာန်းသည့်အခြေခံဥပဒေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (The Constitution of the Republic of the Union of Myanmar)ဟု ရေးသားထားပြီး ယင်းဥပဒေ၏ ပုဒ်မ ၂ တွင် နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟု ခေါ်တွင်ရမည်။ (The State shall be known as the Republic of the Union of Myanmar) ဟု ပြဋ္ဌာန်းဖော်ပြထားပါသည်။

ယင်းသို့ မြန်မာနိုင်ငံ၏သမိုင်းတစ်လျှောက် တည်ရှိခဲ့ဖူးသော ဖွဲ့စည်းပုံအခြေခံဥပဒေများ၏ပြဋ္ဌာန်းချက်အချို့ကို ထုတ်နုတ်ဖော်ပြရခြင်းမှာ အကြောင်းရှိပါသည်။ အချို့သောလူငယ်နိုင်ငံရေးသမားများနှင့် ပြည်ပတွင် အနေကြာသူများအတွက် မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ အဆင့်ဆင့်ပြောင်းလဲတိုးတက်လာမှုကို မျက်ခြည်ပြတ်နေမှာစိုး၍ ထည့်သွင်းဖော်ပြရခြင်း ဖြစ်ပါသည်။ အထူးသဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာသုံးရပ်ကို ကိုင်တွယ်ကျင့်သုံးရသည့်ဥပဒေပြုရေး အဖွဲ့အစည်း(လွှတ်တော်)၊ အုပ်ချုပ်ရေးအဖွဲ့အစည်း (အစိုးရအဖွဲ့အဆင့်ဆင့်) နှင့် တရားစီရင်ရေး အဖွဲ့အစည်း (တရားလွှတ်တော်ချုပ်နှင့် အဆင့်ဆင့်သော တရားရုံးများ) တို့တွင် တာဝန်ထမ်းဆောင်ဆဲဖြစ်ကြသူများ၊ လွှတ်တော်အသီးသီးသို့ လွှတ်တော်ကိုယ်စားလှယ်(ပြည်သူ့ကိုယ်စားလှယ်)အဖြစ် ရောက်ရှိ တာဝန်ထမ်းဆောင်ရန် ကြိုးပမ်းနေကြသူများ အထူးသတိထားရမည့် ပြဋ္ဌာန်းချက်များ ဖြစ်ပါသည်။

အဘယ်ကြောင့်မူ **လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ တာဝန်များ** နှင့်စပ်လျဉ်း၍ လွှတ်တော်ဆိုင်ရာဥပဒေများတွင် ပုဒ်မ ၉ ၌ လွှတ်တော်ကိုယ်စားလှယ်များ၏တာဝန်များမှာ(က)ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို ကာကွယ်စောင့်ရှောက်ခြင်းဟု လည်းကောင်း၊ **လွှတ်တော်ကိုယ်စားလှယ်၏ ကျင့်ဝတ်စည်းကမ်းများ** နှင့်စပ်လျဉ်း၍ ပုဒ်မ ၁၁ ၌ လွှတ်တော်ကိုယ်စားလှယ်များသည် (ခ)ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဤဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းခြင်းဟုလည်းကောင်း ပြဋ္ဌာန်းထားသည်ကို သတိမူရမည်ဖြစ်သည်။ ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၅ နှင့် လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၈၊ ယင်းနည်းဥပဒေ ၅(ဂ) တို့အရ လွှတ်တော်ကိုယ်စားလှယ်ဖြစ်မြောက်ရန် အခြေခံဥပဒေဇယား ၄ ပါအတိုင်း ကတိသစ္စာပြုကြသည်ဖြစ်ရာ ယင်းကတိသစ္စာပြုချက်တွင် "ကျွန်ုပ်သည်. . . . လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ဥပဒေများကိုလည်း လိုက်နာပါမည်" ဟု သစ္စာဆိုထားသည်ကိုလည်းမမေ့အပ်ပါ။ (ဤနေရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပါမည်ဟုပဲဆိုဆို၊ အချို့နိုင်ငံရေးသမားများ အငြင်းပွားနေသည့်အတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာပါမည်ဟုပဲခံယူထားထား၊ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်ကိုတော့ လိုက်နာရမည်ဖြစ်ပေသည်။)

တစ်ဖန် နိုင်ငံရေးပါတီဝင်အားလုံး အလေးထားရမည့်အချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၀၅ (ခ) တွင် နိုင်ငံရေးပါတီတစ်ရပ်သည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရမည်ဟု ပြဋ္ဌာန်းထားသဖြင့် နိုင်ငံရေးပါတီများကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်လျှောက်ထားသည့်အခါတွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၆ (ဂ) အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာရေးအချက်ကို ဝန်ခံချက်ပြုရမည်ဖြစ်ကြောင်း ထည့်သွင်းပြဋ္ဌာန်းထားပေသည်။ မည်သည့်နိုင်ငံရေးပါတီ(ပါတီဝင်)မဆို ယင်းပါတီဥပဒေ ပုဒ်မ ၆ ကို ဝန်ခံချက်ပြုထားပြီးသူများဖြစ်ကြ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ထူးခြားထင်ရှားသော ပြဋ္ဌာန်းချက် (နိုင်ငံတော်၏ နာမဝိသေသန)ကို တလွဲသုံးနှုန်းကာ ဥပဒေကို ချိုးဖောက်သည့် အပြောအဆို၊ အရေးအသားမျိုး မသုံးစွဲသင့်ပါ။

မသိလို့(သတိမထားမိလို့)ဆိုသည့် ဆင်ခြေမျိုးဖြင့်လည်း လက်မခံသင့်ပါ။ Ignorance of Law is no excuse ဟု ဥပဒေဆိုရိုးစကားရှိပါသည်။ ဥပဒေကို မသိလို့ ကျူးလွန်ပါသည်ဆိုသည့်ဆင်ခြေကို ဥပဒေက ခွင့်လွှတ်မည်မဟုတ်ပါ။ ဤသို့ဆိုလျှင် သိလျက်နှင့် တမင်ကျူးလွန်သည်လား မေးစရာဖြစ်နေပါသည်။

မည်သို့ဆိုစေ ကျွန်တော်တို့ပြည်သူများကတော့ ဗုဒ္ဓဘာသာဝင်များပီပီ ခန္တီတရား လက်ကိုင်ထားကြပါသည်။ မသိလို့ဖြစ်မှာပါ။ နှုတ်ကျိုးနေလို့ဖြစ်မှာပါဟု တွေးတောခွင့်လွှတ်တတ်ကြပါသည်။ သို့သော် သိလျက်နှင့် တမင်ရည်ရွယ်ချက်ဖြင့်ဆိုလျှင်တော့ "အမှိုက်ကစ ပြာသာဒ်မီးလောင်" နိုင်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာပါမည်ဟု ဝန်ခံချက်ပြုထားသော ပါတီဝင်များအနေဖြင့် မှားသင့်သော အမှားမျိုးမဟုတ်ပါ။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ထိခိုက်နိုင်ပါသည်။ ပင်လုံစာချုပ်ကို မျက်ကွယ်ပြုပြီး မြန်မာနိုင်ငံအတွင်းက ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း စသည့်လူမျိုးများကို မသိကျိုးကျွန်ပြုရာကျပါမည်။

ကျွန်တော်သည် ဗမာတစ်ဦးဖြစ်၍ ဗမာလူမျိုးကိုယ်စားပြု(Burma) ဆိုသည့် အသုံးအနှုန်းကို ပိုသဘောကျပါသည်။ သို့သော် တစ်ကိုယ်ကောင်းဆန်၍မရပါ။ လူမျိုးစွဲထား၍မဖြစ်ပါ။ ပြည်ထောင်စုတစ်ဝန်းလုံးကို ကိုယ်စားပြုသည့် နိုင်ငံတော်နှင့် သက်ဆိုင်လျှင် မြန်မာ (Myanmar) ဟူသည့်အသုံးအနှုန်းကသာ သင့်တော်မှန်ကန်ပါသည်။ ကိုလိုနီခေတ်က အတွေးအခေါ်ကို စွန့်ပစ်ရပါမည်။ လက်ရှိအချိန်တွင် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးစည်းလုံးညီညွတ်သည့် ပြယုဂ်အဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် (The Republic of the Union of Myanmar) ဆိုသည်ကသာ အမှန်ကန်ဆုံးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ တရားဝင် အသုံးအနှုန်းအစစ်ဖြစ်ကြောင်းပါခင်ဗျား။ ။

မုတ်သုံလေ အားကောင်းမည်

နေပြည်တော် ဇွန် ၁၁

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် ဒေသအလိုက်နှင့် မကွေးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ခန္တီးမြို့တွင် ၄ ဒသမ ၂၉ လက်မ၊ ကသာမြို့တွင် ၃ ဒသမ ၅၄ လက်မ၊ ညောင်လေးပင်မြို့တွင် ၂ ဒသမ ၈၈ လက်မ၊ မြစ်ကြီးနားမြို့တွင် ၂ ဒသမ ၄၄ လက်မ၊ ဖြူးမြို့တွင် ၂ ဒသမ ၂၀ လက်မနှင့် ဂန့်ဂေါမြို့တွင် ၁ ဒသမ ၉၇ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေအားကောင်းမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံမိုးသည်းထန်နိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။



နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးဘိုဝနှင့် ဝန်ထမ်းများ ဇွန် ၁၀ ရက်က ကျည်တောင်ကန်ကျေးရွာ၌ မိုးပွင့်အဆင့်(၃) စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပေးအပ်စဉ်။ (သတင်းစဉ်)

* *ကျောဖုံးမှ*

ဒေသခံများ၏ စားဝတ်နေရေးလိုအပ်ချက်များကို ထောက်ပံ့ဖြည့်ဆည်းပေးနိုင်မှု၊ မြစ်ချောင်းနှင့် ပင်လယ်ကမ်းရိုးတန်းများ ရေတိုက်စားခံရခြင်းမှ ကာကွယ်ပေးနိုင်မှု၊ ရေချိုဒေသအတွင်းသို့ ဆားငန်ရေစိမ့်ဝင်ခြင်းမှ ကာကွယ်ပေးနိုင်မှုများကို ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူများနှင့်အတူ စုပေါင်းသစ်ပင် စိုက်ပျိုးပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဘိုကလေးမြို့နယ် ကဒုံကနိကြိုးဝိုင်း အကွက်အမှတ် (၄၈)ရှိ အောင်မြင်ဖြစ်ထွန်းနေသော ၂၀၀၅ ခုနှစ်တွင် တည်ထောင်သည့် ဒီရေတောစိုက်ခင်းနှင့် ပြုန်းမွှေးကျွန်းရှိ ပျိုးပင် ၁၂ သိန်းဆံ့ ဒီရေတော ပျိုးဥယျာဉ် တိုးချဲ့ပညာပေးစခန်းနှင့် ကဒုံကနိကြိုးဝိုင်း အကွက်အမှတ်(၄၉)ရှိ ဒီရေတောသစ်စေ့ထုတ် ဧရိယာတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

သစ်တော ဦးစီးဌာနအနေဖြင့် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့် ပူးပေါင်း၍ ဒေသခံပြည်သူလူထု၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ ဒီရေတောများ ဘက်စုံပြန်လည်ထူထောင်ခြင်းနှင့် စီမံအုပ်ချုပ်လုပ်ကိုင်ခြင်း စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် JICA ၏ အကူအညီဖြင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် သဘာဝဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်ခြင်း စွမ်းအင်မြှင့်တင်နိုင်ရန်အတွက် ဒီရေတောများပြန်လည်စိုက်ပျိုးပြုစုခြင်း စီမံကိန်းဖြင့် ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ကဒုံကနိကြိုးဝိုင်းအတွင်း ဒီရေတောစိုက်ခင်းဧက ၃၀၀၀ ခန့် စိုက်ပျိုးခြင်းနှင့် ဆိုင်ကလုန်းဒဏ်ခံအဆောက်အအုံ တစ်လုံး ဆောက်လုပ်ရန် ပြင်ဆင်မှုလုပ်ငန်းများ စတင်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထောက်ပံ့ပေးအပ်

ဖားကန့်မြို့နယ် ပျံကျဈေးသည်များနှင့် အနေးယာဉ်လုပ်သားများ၏ သားသမီးများအား ကျောင်းဝတ်စုံ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဇွန် ၅ ရက်က ကျင်းပရာ တာဝန်ရှိသူတစ်ဦးက ကျောင်းသားတစ်ဦးအား ကျောင်းဝတ်စုံ ထောက်ပံ့ပေးအပ်စဉ်။

(မြန်မာ့အလင်း)

ရန်ကုန်အနောက်ပိုင်းခရိုင် စီမံကိန်းရည်မှန်းချက် တာဝန်များပေးအပ်

ရန်ကုန် ဇွန် ၁၁

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင်၏ ၂၀၁၂-၂၀၁၃ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်တာဝန်ပေးအပ်ပွဲကို ဇွန် ၁၁ ရက်က အလုံမြို့နယ်ခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်က အမှာစကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူးက ခရိုင်အဆင့် ဌာနဆိုင်ရာများနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးများထံ ၂၀၁၂-၂၀၁၃ ခုနှစ်အတွက် စီမံကိန်းရည်မှန်းချက် တာဝန်များကို ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (ဝ၄၂)

ကျောင်းသားများအား စိတ်ဓာတ်နှင့်ခံယူချက်ပြည့်ဝစေရန် သင်ကြားပေး

အများပြည်သူအကျိုးဆောင်ရွက်ရာတွင် စေတနာမှန်မှန်ဖြင့် ဆောင်ရွက်ရန်အရေးကြီး

နေပြည်တော် ဇွန် ၁၁

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်သည် ဇွန် ၈ ရက် မွန်းလွဲ ၁ နာရီတွင် မန္တလေးတိုင်းဒေသကြီးရှိ မန္တလေးဆေးတက္ကသိုလ်သို့ ရောက်ရှိပြီး ဆေးတက္ကသိုလ်နှင့် နီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ ကထိကများနှင့်လည်းကောင်း၊ ညနေ ၃ နာရီတွင် ဘွဲ့လွန်သင်တန်း အောင်မြင်ပြီးသည့် လက်ထောက်ဆရာဝန်များနှင့်လည်းကောင်း တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ပညာသင်ကြားပေးရာ၌ ကျောင်းသားများအား ဘွဲ့ရရှိရုံသာမက လက်တွေ့ကုသမှုပိုင်းတွင် ကျွမ်းကျင်မှုရှိစေရန်၊ စိတ်ဓာတ်နှင့် ခံယူချက်ပြည့်ဝစေရန် သင်ကြားပေးကြစေလိုကြောင်း၊ မိမိတို့ဌာန ပညာရပ်ဖြင့် လူနာအားလုံး၊ ကျောင်းသားများအားလုံး၊ နောင်လာနောက်သားများနှင့် အများပြည်သူအကျိုးဆောင်ရွက်ရာတွင် ရည်ရွယ်ချက် စေတနာမှန်မှန်ဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်အရေးကြီးကြောင်း၊ နိုင်ငံတကာအဆင့်မီဆေးပညာရပ် ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းတက်ရောက်အောင်မြင်ပြီးသူများဖြစ်၍ လူနာအကျိုး၊ ပြည်သူ့အကျိုး ဆောင်ရွက်လိုသည့် ရည်ရွယ်ချက်ကောင်းမွန်သော ဆရာဝန်များဖြစ်ရန်လည်း လိုအပ်ကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရန်နှင့် နိုင်ငံတော်အတွက် ကျေးဇူးဆပ်သည့်အနေဖြင့် ကြိုးပမ်းသွားကြစေရန် တိုက်တွန်းမှာကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇွန် ၉ ရက် နံနက် ၇ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အစည်းအဝေးခန်းမ၌ မြို့နယ်ဆေးရုံကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မတ္တရာမြို့နယ် ရေနံ့သာ အနာကြီးရောဂါကုဆေးရုံ အစည်းအဝေးခန်းမ၌ ဆေးရုံအုပ် ဒေါက်တာမြတ်သီတာ၊ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး စဉ့်ကူးမြို့နယ် လက်ပန်လှကျေးလက်ကျန်းမာရေးဌာနနှင့် ကျည်တောက်ပေါက်တိုယ်နယ်ဆေးရုံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မိုးကုတ်မြို့ ခုတင်(၁၀၀)ဆံ့ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ကလေးဆေးကုသဆောင်၊ သားဖွားမီးယပ်ကုသဆောင်၊ ထိခိုက်ဒဏ်ရာနှင့် အရိုးအကြောအဆစ်ကုသဌာန၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်း၊ Ultrasound ခန်း၊ ဖျားနာကုသဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ် ဒေါက်တာမောင်မောင်ဇင်နှင့် ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံသည်။

ပါဝင်ဆောင်ရွက်

ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးဌာနများတွင် ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံမှာကြားရာ၌ မိမိတို့မြို့နယ်အတွင်း မိခင်နှင့်မွေးကင်းစကလေးသေဆုံးမှုနှုန်း ပိုမိုလျော့ကျရေးအတွက် ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက် ပြည့်မီစေရန် ကျန်းမာရေးဝန်ထမ်းများက ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ဝန်ထမ်းအချင်းချင်း ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း တိုးမြင့်လာအောင် ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများချည်းသာ တာဝန်ရှိသည်မဟုတ်ဘဲ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် လူတိုင်းက ပူးပေါင်းပါဝင်ဆောင်ရွက်ရန်တာဝန်ရှိကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင် မိုးကုတ်မြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကုန်တင်ယာဉ် ရပ်နားစခန်း အလုံမြို့နယ်၌ တည်ဆောက်

သတင်းနှင့်ဓာတ်ပုံ-သတင်းစရီးသည်

ရန်ကုန် ဇွန် ၁၁

ရန်ကုန်မြို့ ကမ်းနားလမ်းတစ်လျှောက် ယာဉ်ကြောရှုပ်ထွေးကျပ်တည်းမှု ဖြေလျှော့နိုင်ရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ကုန်တင်ယာဉ်ရပ်နားစခန်းကြီးတစ်ခု တည်ဆောက်လျက်ရှိသည်။

တည်ဆောက်သည့်နေရာမှာ အလုံမြို့နယ်သစ်တောဝင်းအတွင်း ယခင်သစ်လုံးပုံများထားရှိရာနေရာ ဖြစ်သည်ဟုသိရသည်။ ၎င်းမြေကွက်မှာ တစ်ချိန်က မြေနိမ့်ဖြစ်ပြီး ရေဝပ်သည့်နေရာဖြစ်သည့်အတွက် ရန်ကုန်မြစ်အတွင်းမှ သဲကျင်းပေါင်းသိန်းချီကာ ဖြည့်တင်းထားရသည်ဟု ဝန်းကျင်နေသူများက ဆိုသည်။

ယခုတည်ဆောက်လျက်ရှိသော ယာဉ်ရပ်နားစခန်းကြီးမှာ ရန်ကုန်မြို့တွင် အကြီးမားဆုံးသောယာဉ်ရပ်နားဝင်းကြီးတစ်ခုဖြစ်လာမှာဖြစ်ပြီး ကုန်တင်ယာဉ် အစီးပေါင်း ၃၀၀ကျော်ရပ်နားနိုင်ရန် လျာထားစီမံခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုအခါ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ စက်ယန္တရားကြီးများဖြင့် မြေညှိဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**

စီမံကိန်းမှာ ပေ ၂၀×ပေ ၆၀ရှိကုန်တင်ယာဉ်ကြီးအစီး ၃၀၀ကျော်၊ ပေ ၄၀× ပေ ၅၀နှစ်ခန်းတွဲ စက်ပြင်အလုပ်ရုံ ရှစ်လုံး၊ ပေ ၂၀×ပေ၄၀နှစ်ခန်းတွဲပါ၊ ပေ ၄၀× ပေ ၄၀ နှစ်ခန်းတွဲ စားသောက်ဆိုင်ရှစ်လုံး၊ ၆ ပေ× ပေ၃၀ ၁၂ခန်းတွဲ သန့်စင်ခန်းနှင့် ရေချိုးခန်း ၁၂လုံးပါရှိမည်ဖြစ်ကြောင်းသိရသည်။

သို့သော် လတ်တလော အမြန်အကောင်အထည်ဖော်မှုအနေဖြင့် ကုန်တင်ယာဉ်အစီး ၁၅၀ရပ်နားနိုင်မှုအတွက် ဦးစားပေးအကောင်အထည်ဖော်လျက်ရှိကြောင်း ကနဦးသတင်းအဖြစ် ဖော်ပြလိုက်ပါသည်။



○ *ကျော်ဖုံးမှ*

ပွဲစတင်သည်နှင့် နှစ်သင်းစလုံးအပြန်အလှန်ထိုးဖောက်ကစားခဲ့သော်လည်း ပြင်သစ်တိုက်စစ်မှူးများနှင့် အင်္ဂလန်တိုက်စစ်မှူးများ အပိုင်ကန်သွင်းခွင့် အခွင့်အရေးများရရှိခဲ့သော်လည်း ဂိုးရရှိအောင် မသွင်းနိုင်ခဲ့ချေ။

ပွဲချိန် မိနစ် ၃၀ ၌ အင်္ဂလန်တို့ ပြစ်ဒဏ်ဘောရရှိခဲ့ရာ ဂျရတ်က ပြင်သစ်ဂိုးရှေ့သို့ အမြောက်ကန်တင်ပေးလိုက်သည့်ဘောလုံးကို လက်စ်ကော့က အနီးကပ်ခေါင်းတိုက်သွင်းယူခဲ့သဖြင့် အင်္ဂလန်တို့ အဖွင့်ဂိုးရရှိခဲ့သည်။

ချေပဂိုးရရှိ

ပြင်သစ်တို့ချေပဂိုးရရှိရေး ပြန်လည်တိုက်စစ်ဆင်ထိုးဖောက်ကစားခဲ့ရာ ပွဲချိန် ၃၉ မိနစ်၌ နာစရီက အင်္ဂလန်ဂိုးဧရိယာအစပ်မှ ကန်သွင်းယူခဲ့ရာ အင်္ဂလန်ဂိုးသမား ဂျိုဟတ် မကာကွယ်နိုင်ဘဲ ဂိုးဝင်သွားသဖြင့် ပြင်သစ်တို့ချေပဂိုးရရှိခဲ့သည်။ ပထမပိုင်းပွဲချိန်အပြီး၌ ပြင်သစ်နှင့် အင်္ဂလန် တစ်ဂိုးစီဖြစ်နေခဲ့သည်။

ဒုတိယပိုင်းပွဲချိန်အတွင်း ပြင်သစ်တို့က ဆက်တိုက်ဖိကစားပြီး အင်္ဂလန်အသင်းဂိုးပေါက်ကို အကြိမ်ကြိမ်ထိုးဖောက်ဂိုးသွင်းရန် ကြိုးစားခဲ့သည်။ အင်္ဂလန်တို့က တန်ပြန်တိုက်စစ်ဖြင့်သာ တစ်ချီတစ်ချီထိုးဖောက်တိုက်စစ်ဆင်နိုင်ခဲ့ပြီး ဂိုးရရှိရေး ကြိုးစားနိုင်ခဲ့သည်။

ပြင်သစ်တိုက်စစ်မှူး၏ ထိုးဖောက်ဂိုးသွင်းမှုများကို အင်္ဂလန်ဂိုးသမား ဂျိုဟတ်ကာကွယ်နိုင်၍ ဂိုးထပ်မံမပေးခဲ့ရခြင်းဖြစ်ပြီး ပွဲအပြီး၌ ပြင်သစ်နှင့်အင်္ဂလန်တို့ တစ်ဂိုးစီသရေပွဲဖြစ်ကာ တစ်မှတ်စီခွဲယူခဲ့ကြရသည်။ **(အင်တာနက်)**

မြန်မာ့အလင်း ဘဝအမောပြေ

ဖြစ်ရလေ

အာကာဟိန်း-ရေးသားသည်

အီတလီနိုင်ငံမှ ကမ္ဘာလှည့်ခရီးသွားအမျိုးသားနှစ်ဦးသည် ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့အပြင်ဘက်သို့လမ်းလျှောက်ထွက်ရာ အပူချိန်ပြင်းထန်သဖြင့် အနီးတွင်တွေ့သောရေကန်တစ်ကန်အတွင်းဆင်းကာ ရေစိမ်ကြလေသည်။ ထိုအခါကန်ပေါင်၌ လူငယ်တစ်ဦးကိုတွေ့၍ ရေစိမ်ရင်းမေးမြန်းလေသည်။

ကမ္ဘာလှည့်ခရီးသွား ။ ။ ဟေ့. . မင်းဒီမြို့ကလား။
လူငယ် ။ ။ **ဟုတ်ပါတယ်။**
ကမ္ဘာလှည့်ခရီးသွား ။ ။ မင်းတို့မြို့ကအရမ်းပူတယ်နော်။
လူငယ် ။ ။ **ကျွန်တော်တို့က နေသားကျနေပါပြီ။**
ကမ္ဘာလှည့်ခရီးသွား ။ ။ ဒီမြို့ပြင်မှာ ရေကန်တွေလည်းရှားတယ်နော်. . . ဒီတစ်ကန်ပဲတွေ့တယ်။
လူငယ် ။ ။ **ဟုတ်ကဲ့။**
ကမ္ဘာလှည့်ခရီးသွား ။ ။ ဒါနဲ့ ကန်ထဲမှာငါးမန်းတော့မရှိပါဘူးနော်။
လူငယ် ။ ။ **မရှိပါဘူး။**
ကမ္ဘာလှည့်ခရီးသွား ။ ။ ဒါထက်. . ဒီကန်ကဘာလုပ်တဲ့ကန်လဲ. . ။
လူငယ် ။ ။ **မိကျောင်းတွေမွေးထားတဲ့ကန်ပါ။**
ကမ္ဘာလှည့်ခရီးသွား။ ။ ။ "ဟေ"

စာအုပ်၊ စာစောင်နှင့် အလှူငွေပေးအပ်ပွဲ မှော်ဘီ၌ကျင်းပ

ရန်ကုန် ဇွန် ၁၁

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ဝါးနက်ချောင်းကျေးရွာ လင်းရောင်ခြည်စာကြည့်တိုက်သို့ သုတ၊ ရသ စာအုပ်စာစောင်နှင့် အလှူငွေပေးအပ်ပွဲကို ဇွန် ၁၀ ရက် နံနက် ၁၀ နာရီက အဆိုပါ စာကြည့်တိုက်၌ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်သီတာဦးနှင့် ရပ်မိရပ်ဖ ဦးအုန်းမောင်တို့က အမှာစကားပြောကြားပြီး အလှူရှင် ဦးတင်လှိုင် (ရာမညအောင်နိုင်သူ)က လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်သီတာဦး၊ ဦးတင်လှိုင်၊ (ရာမညအောင်နိုင်သူ)၊ ဝါးပတော ဆရာတော်ကိုယ်စား ဦးဌေးဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ငှက်ဖျားတိုက်ဖျက်ရေးမှူး ဦးခင်မောင်ဆန်းတို့က စာအုပ်စာစောင်များနှင့် အလှူရှင်ဦးသန့်ဇင်မောင်က လင်းရောင်ခြည်စာကြည့်တိုက်အတွက် အလှူငွေကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းရာ ဝါးနက်ချောင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမြင့်သိန်းက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

◆ **ကျော်ဖုံးမှ**

ဝင်စက လူကြိုက်များခဲ့ပြီး ကျပ်သိန်း ၁၅၀ ကျော်အထိ ပေါက်စျေးရှိခဲ့သည်။ ယနေ့ဟံသာဝတီကားရောင်းဝယ်ရေးဝိုင်းအတွင်း ဝင်ရောက်စနည်းနာခဲ့ရာ ငွေကျပ်သိန်း ၁၁၀ ဝန်းကျင်မျှသာ စျေးရှိတော့ကြောင်း သိရသည်။

ဝါရင့်ကားအကျိုးဆောင်တစ်ဦးက "ဝင်ခါစက ဝယ်လက်တွေ အတော်ကြိုက်တဲ့ကားဗျ။ Taxi ဆွဲစားရင် နှစ်နှစ်ကျော် သုံးနှစ်အတွင်း ကားဖိုးကျေနိုင်တယ်ဗျ။ အဲဒီတော့ စီးပွားတွက် တွက်ပြီး အဝယ်လိုက်တဲ့ကား"ဟု ဆိုခဲ့သည်။

နောက်တစ်ဦးက "အခုရက်ပိုင်းအတွင်း စက်မှုထုတ် မြန်မာမီနီ (M. Mini) ကားလေးတွေလည်း အတော်ဝင်လာတယ်၊ စျေးက ကျပ်သိန်း ၇၅/၈၀ ဝန်းကျင်မှာပဲရှိတယ်၊ သူလည်း Taxi ဆွဲလို့ အဆင်ပြေတယ်" ဟု ဆိုခဲ့ပြန်သည်။

မြို့ထဲရှိ ခရီးသည်စောင့်နေသော ချယ်ရီ Taxi ယာဉ်မောင်းတစ်ဦးနှင့် စကားပြောကြည့်ရာ "ဒီကားလေးတွေက ဓာတ်ဆီဆိုပေမယ့် ဆီစားသက်သာတယ်ဗျ၊ နေ့အုံနာကြေးက ကျပ် ၁၅၀၀၀၊ ည အုံနာကြေးက ကျပ် ၁၀၀၀၀ ပိုင်ရှင်တွေက ပိုကိုက်တယ်ဗျ၊ ဒါကြောင့် အခုနောက်ပိုင်း Taxi ထောင်တဲ့သူတွေက ဒီလို ချယ်ရီနဲ့ မြန်မာမီနီလေးတွေပဲ ဝယ်ကြတော့တယ်" ဟု သုံးသပ်ပြောကြားခဲ့သည်။

ကြို့ပင်ကောက်မြို့နယ် ရဲတပ်ဖွဲ့ဝင် မိသားစုများအတွက် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲကို ကြို့ပင်ကောက်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၌ ဇွန် ၉ ရက်ကကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်ကြိုင်က အထက်တန်းကျောင်းသား ၁၆ဦး၊ အလယ်တန်းကျောင်းသား ၂၀၊ မူလတန်းကျောင်းသား ၁၈ ဦးတို့အတွက် စာရေးကိရိယာနှင့် ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်စဉ်။ (၁၁၂)

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် မေတ္တာပုညကာရီမွေ့ရာရုံတွင် မိုးပွင့်အဆင့်(၃)စီမံချက် နိုင်ငံသားစိစစ်ရေး ကတ်ပြားပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၆ ရက်ကကျင်းပရာ တိုင်းဒေသကြီးဦးစီးဌာနမှူး ဦးရဲထွန်းဦးက နိုင်ငံသားစိစစ်ရေး ကတ်ပြားပေးအပ်စဉ်။ (၀၄၄)

တိုက်ကြီးမြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

တိုက်ကြီး ဇွန် ၁၁

၂၀၁၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၉ ရက် နံနက် ၇နာရီက ဥတို-အဖျောက်ကားလမ်းဘေး(ဥတိုတာဆုံ)အနီး ကားလမ်းဘေး၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဟန်စိန်၊ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)ကိုယ်စားလှယ် ဦးစိုးဝင်းမောင်၊ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)ကိုယ်စားလှယ် ဦးမြင့်အောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးဇော်စိုး၊ မြို့နယ်သစ်တောဦးစီးဌာနဦးစီးအရာရှိ ဦးဇင်လင်းထွန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုဝေနှင့် လူမှုရေးအဖွဲ့အစည်းဝင်များ၊ ကျေးလက်နေပြည်သူများက ကျွန်း၊ ယူကလစ်၊ အော်ရီးရှား၊ မန်ဂျန်ရှား၊ စိန်ပန်း၊ မဲဇလီ စသည့် ပျိုးပင် ၂၅၀၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(ဝဲပုံ) (စိုက်ပျိုးရေး)**

ဖယ်ခုံမြို့၌ ကျောင်းဝတ်စုံများ ထောက်ပံ့

ဖယ်ခုံ ဇွန် ၁၁

ဖယ်ခုံမြို့နယ် အသေးစားငွေကြေးဝန်ဆောင်မှုအဖွဲ့က ပံ့ကျစျေးသည်များ၏ သားသမီးများအား ကျောင်းဝတ်စုံ ထောက်ပံ့ခြင်း အခမ်းအနားကို မေ ၃၁ ရက်က မြို့နယ်ခန်းမ၌ကျင်းပသည်။

ထောက်ပံ့ပေးအပ်

အခမ်းအနားတွင် ဖယ်ခုံမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဖရန်စစ္စကို၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးစိုင်းသန်းလွင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်မင်းထိုက်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျောင်းသား ကျောင်းသူ ၈၃ ဦးအား ငွေကျပ် ၃၃၂၀၀၀တန်ဖိုးရှိ ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။

(ထွေအုပ်/ဦးစီး)

မြန်မာ-စင်ကာပူ စီးပွားရေးလုပ်ငန်းရှင်များ စီးပွားရေးလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်နှင့် စင်ကာပူနိုင်ငံ Singapore Business Federation (SBF) ပူးပေါင်း၍ မြန်မာ-စင်ကာပူ စီးပွားရေးလုပ်ငန်းရှင်များအကြား စီးပွားရေးလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးပွဲကို ဇွန် ၁၄ ရက် မွန်းလွဲ ၂ နာရီခွဲတွင် အသင်းချုပ်ရုံး၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ နှစ်ဖက်စီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံဆွေးနွေးပွဲတွင် ကုန်သွယ်မှုလုပ်ငန်း၊ ထုတ်လုပ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ကုန်ပစ္စည်းဖြန့်ဖြူးခြင်းလုပ်ငန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ကုန်သွယ်ရေကြောင်းလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာလုပ်ငန်း၊ ပညာရေးဆိုင်ရာလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ မွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်း၊ သဘာဝစွမ်းအင်နှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်လုပ်ငန်း၊ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ ကျန်းမာရေးဆိုင်ရာ ဆေးဝါးလုပ်ငန်း၊ လမ်းတံတားဆိုင်ရာအကြီးစားဆောက်လုပ်ရေးလုပ်ငန်းများ၊ အထည်ချုပ်လုပ်ငန်း၊ လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ သတ္တုနှင့်ဓာတုပစ္စည်း စသည့်လုပ်ငန်းများကို လုပ်ငန်းအုပ်စုအလိုက် ဆွေးနွေးကြမည်ဖြစ်သည်။

စင်ကာပူကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် စီးပွားရေးလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးလိုသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များသည် UMFCCI ဖုန်း- ၂၁၄၃၄၄-၄၉၊ Ext: 121၊ 122 သို့ ဆက်သွယ်၍လည်းကောင်း၊ ကိုယ်တိုင် (သို့မဟုတ်) ကိုယ်စားလှယ်များစေလွှတ်၍လည်းကောင်း ဇွန် ၁၃ ရက်အရောက် အမည်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(ကုန်သည်/စက်မှုအသင်းချုပ်)**

ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်

မအူပင် ဇွန် ၁၁

မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းတစ်ရပ်အဖြစ် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်မှချေးငွေရယူပြီး အသေးစားငွေကြေးဝန်ဆောင်မှုအဖွဲ့မှ ထုတ်ချေးထားသော အတိုးစုဆောင်းရငွေများမှ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၅ ရက်က မြို့နယ်စည်ပင်သာယာရုံး၌ ကျင်းပသည်။

အဆိုပါထောက်ပံ့ပေးအပ်ပွဲတွင် ပျံကျဈေးသည်များနှင့် အနေ့းယာဉ်လုပ်သားများ၏ သားသမီးများဖြစ်ကြသည့် မူလတန်းကျောင်းသား ကျောင်းသူ ၄၂ ဦး၊ အလယ်တန်းကျောင်းသား ကျောင်းသူ ၂၄ ဦး၊ အထက်တန်း ကျောင်းသား ကျောင်းသူ ၃၁ ဦး၊ တက္ကသိုလ်အဆင့် ၁၆ ဦး စုစုပေါင်း ၁၁၃ ဦးတို့အား မအူပင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုး **(အပေါ်ပုံ)**နှင့် ချေးငွေကော်မတီတို့က ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (ဝ၆၈)

သာသနာနုဂ္ဂဟအသင်း ဩဝါဒခံယူ

ရန်ကုန် ဇွန် ၁၁

ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် အမှတ်(၂)ရပ်ကွက် သာသနာနုဂ္ဂဟအသင်းက မြို့နယ်သံဃနာယက ဆရာတော်များထံမှ ဩဝါဒခံယူပွဲကို ဇွန် ၁၀ ရက် နံနက် ၉နာရီခွဲက မြကန်သာဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါ ဩဝါဒခံယူပွဲတွင် တိုင်းဒေသကြီးသာသနာနုဂ္ဂဟအသင်း ဒုတိယဥက္ကဋ္ဌ ဦးရဲအောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူး ဦးရဲထွန်းအောင်၊ မြို့နယ်သာသနာနုဂ္ဂဟ အသင်းဥက္ကဋ္ဌ ဦးစိုးနိုင်ထွန်းနှင့် ရပ်ကွက်တွင်းရှိ အဖွဲ့ဝင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရှိရသည်။ (၁၆၇)

ရွှေပြည်သာ၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်

ရန်ကုန် ဇွန် ၁၁

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်တွင် ဇွန် ၉ ရက် နံနက် ၉ နာရီက မိုးရာသီသွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေး ဆောင်ရွက်ခဲ့ကြသည်။ ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးဦး ခေါင်းဆောင်သည့် မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေး ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စိုးမိုးနှင့်အဖွဲ့ဝင်များသည် မြို့နယ်အတွင်း ရပ်ကွက်များရှိ နေအိမ်နှင့်အနီးပတ်ဝန်းကျင်တို့တွင် ဖုံးသွန်လဲ၊ စစ်ပြုလုပ်ပေးခြင်း၊ အဘိတ်ဆေးခတ်ပေးခြင်း၊ ခြင်ထောင်ဆေးစိမ်ခြင်း၊ ခြင်ဆေးမှုတ်ခြင်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** (၁၆၆)

ရွှေကျင်၌ စီမံကိန်းတာဝန် ပေးအပ်ပွဲ ကျင်းပ

ရွှေကျင် ဇွန် ၁၁

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်၏ ၂၀၁၂-၂၀၁၃ ခုနှစ် နှစ်စဉ်စီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၃ ရက် မွန်းလွဲ ၁ နာရီခွဲက ရွှေကျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင်က အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်း ဦးစီးရုံး ဦးစီးအရာရှိ ဦးအောင်မြင့်က ၂၀၁၂-၂၀၁၃ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ပေးအပ်

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးက စီမံကိန်းတာဝန်ပေးအပ်လွှာများကို မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (ဝ၀၁)

လှိုင်သာယာမြို့နယ်၌ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသစ်ဖွင့်

ရန်ကုန် ဇွန် ၁၁

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ဗိုလ်အောင်ကျော်လမ်း (၂၂)ရပ်ကွက်၌ စန္ဒာရာမဘုန်းတော်ကြီးသင်ပညာရေးကျောင်းသစ် ဖွင့်ပွဲအခမ်းအနားကို ဇွန် ၃ ရက်က ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဘုန်းတော်ကြီးသင်ပညာရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဆရာတော်များ၊ သံဃနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော်များ၊ မြို့နယ်ဂိုဏ်းပေါင်းစုံ သံဃနာယကဆရာတော်များနှင့် အဖွဲ့ဝင်များ ကြွရောက်ကြသည်။ ဆရာတော် အရှင်စန္ဒာဝရက ကျောင်းနေအရွယ်ကလေးမှစ၍ စတုတ္ထတန်းအထိ ကျောင်းသား ကျောင်းသူ ၂၀၀ ကျော်အား အခမဲ့ပညာသင်ကြားပေးမည်ဖြစ်ပြီး အလှူရှင်များကလည်း ဗလာစာအုပ်နှင့် ကျောပိုးအိတ်များလှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ (ဝ၄၈)

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ မှော်ဘီ၌ကျင်းပ

ရန်ကုန် ဇွန် ၁၁

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ ကြီးမှူးကျင်းပသော မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၉ ရက် နံနက် ၇ နာရီခွဲက မှော်ဘီမြို့နယ် မြောင်းတကာ သံရေကျိုစက်မှုဇုန်ဝင်ပေါက်အနီး မြေနေရာ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းမြင့်က အမှာစကားပြောကြားပြီး မှော်ဘီမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းဦး က မိုးရာသီသစ်ပင်စိုက်ပျိုးရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားတွင် မှော်ဘီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးကြည်မြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိတို့က ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ကျေးရွာပြည်သူများအား စိုက်ပျိုးမည့် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ပိတောက်အပါအဝင် ပျိုးပင်ပေါင်း ၁၅၇၄ ပင်ကို ဖြန့်ဝေပေးပြီး စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(မြို့နယ်သစ်တော)**

မြို့ရွှေညောင်တုန်း အသေးစားချေးငွေလုပ်ငန်း သမဝါယမအသင်း နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

ညောင်တုန်း ဇွန် ၁၁

ညောင်တုန်းမြို့ မြို့ရွှေညောင်တုန်း အသေးစားချေးငွေလုပ်ငန်း သမဝါယမ အသင်းလီမိတက်၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ညောင်တုန်းမြို့ ရေဝိုင်းပိုင်း အမကဌ ဇွန် ၃ ရက်က ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ အသင်း ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ခင်က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းထွန်းက အသေးစားချေးငွေလုပ်ငန်းအသင်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဒါရိုက်တာအဖွဲ့ဝင် ဦးစိုးကြည်က အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားကာ သဘာပတိ အတည်ပြုချက်ရယူသည်။

ဆက်လက်၍ ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ခင်နှင့် တာဝန်ရှိသူများက အသင်းဝင်များ၏ သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ငွေများ **(အပေါ်ပုံ)** နှင့် အပေးအဆပ်မှန်ကန်သူများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

အလားတူ မြို့ရွှေညောင်တုန်း အသေးစားချေးငွေလုပ်ငန်း သမဝါယမ အသင်း လီမိတက် လုပ်ငန်းခွဲများ ဆောင်ရွက်ထားသော တာကွေ့ကျေးရွာနှင့် ဆားမလောက် ကျေးရွာများတွင်လည်း နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးများ ကျင်းပခဲ့ကြောင်း သိရှိရသည်။ (ဝ၂၈)

(၆၆)ကြိမ်မြောက် သွေးလှူဒါန်း

ပဲခူး ဇွန် ၁၁

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ကွက်သစ်ရပ်ကွက် မေတ္တာလမ်းနေ ဦးကိုကိုလွင်သည် မေ ၁၈ ရက်က သာယာဝတီမြို့ ကရုဏာသွေးလှူရှင်များအသင်းတွင် (၆၆)ကြိမ်မြောက် သွေးလှူဒါန်းခဲ့သည့်အပြင် မျက်ကြည်လွှာပါ လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

စာအုပ်စာစောင်နှင့် အလှူငွေများ သန်လျင်မြို့နယ်၌ ပေးအပ်

ရန်ကုန် ဇွန် ၁၁

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ချောင်းစောက်ကျေးရွာ သုတကမ္ဘာ စာကြည့်တိုက်အတွက် အလှူငွေပေးအပ်ပွဲကို ဇွန် ၄ ရက် နံနက် ၁၁ နာရီက အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှပိုမိုက စံ(၅)ရပ်ညီ ကျေးရွာစာကြည့်တိုက်များ ရေရှည်ရှင်သန်ခိုင်မာရေး၊ စာအုပ်စာစောင်တိုးပွားရေးဆိုင်ရာများ ရှင်းလင်းပြောကြားသည်။ဆက်လက်ပြီး ကျေးရွာစာကြည့်တိုက်အတွက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းက သုတ၊ ရသစာအုပ် ၂၅၀၊ ခရိုင်သာသနာနုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးသိန်းဇော်လေးက တိုင်ကပ်နာရီ၊ မြို့နယ်အုပ်ချုပ်ရေးမှူးက စာအုပ်စာစောင် ၂၀၀၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်စာစောင် ၂၀၀၊ ချောင်းစောက်ကျေးရွာ ဓမ္မဝိသုဒ္ဓိကျောင်းတိုက်မှ ဆရာတော် ဦးသုန္ဒရက ငွေကျပ်ခုနစ်သောင်းတန်ဖိုးရှိ အလူမီနီယံစာအုပ်ဗီရိုတစ်လုံး၊ ကျေးရွာပြည်သူများ စုပေါင်းထည့်ဝင်ငွေကျပ်နှစ်သိန်းတို့ကို စာကြည့်တိုက်ကော်မတီထံ ပေးအပ်လှူဒါန်းသည်။

အဆိုပါ စာကြည့်တိုက်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးမြင့်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှပိုမိုနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမင်းဇော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၂-၆-၂၀၁၂ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၅ တရားတော်
- ၇း၁၅ ဓမ္မပူဇာတေး
- ၇း၄၀ သာယာသီကြွေး ခေတ်ဆန်းတေး
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၅ ဇာတ်လမ်းတို

ညပိုင်း

- ၄း၂၀ မြန်မာ့ရှုခင်း
- ၄း၂၅ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄း၃၅ အင်္ဂလိပ်စာသုတ
- ၅း၂၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဟာသလွှင်ပြင် ဒုတိယတွဲ** (အပိုင်း-၈)
- ၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၃၀ အောင်မြင်ခြင်းလမ်းမ
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြယ်စင်နိမိတ်နှင့် သက်ကယ်စား** (အပိုင်း-၇)
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- \- နိုင်ငံတကာသတင်း
- \- မိုးလေဝသသတင်း
- \- ဟာသရုပ်စုံ
- \- မွေးမြူသုတ
- \- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နေမင်းကဲ့သို့ ထွန်းလင်းသော** (အပိုင်း-၇)
- \- မြဝတီရုပ်မြင်သံကြားသတင်း

စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၁၃ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) ၂၀၁၁ခုနှစ်(သို့မဟုတ်)၂၀၁၂ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၁၂ခုနှစ်၊ ဩဂုတ်လ (၃)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) သင်္ချာ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ **၂၀၁၂ ခုနှစ်၊ဩဂုတ်လ (၁၉)ရက်နေ့တွင်** ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/ မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၁၃ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ၊

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်၊

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ၊

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ၊

(င) ၂၀၁၂ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၁၂ခုနှစ်၊ ဩဂုတ်လ (၃)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) သင်္ချာ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ၂၀၁၂ ခုနှစ်၊ဩဂုတ်လ (၁၈)ရက်နေ့တွင် ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/ မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

12-6 (12).pmd 1 6/12/2012, 2:14 AM

တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၁၃ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) ၂၀၁၂ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့်ဖြေဆို အောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၁၂ခုနှစ်၊ ဩဂုတ်လ (၃)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီးအရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) ဇီဝဗေဒ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ၂၀၁၂ ခုနှစ်၊ဩဂုတ်လ (၁၇)ရက်နေ့တွင် ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/ မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နိုင်ရန် သူနာပြုသိပ္ပံဘွဲ့ရအမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသမီး(အပျို)ဖြစ်ရမည်၊

(ခ) အကျင့်စာရိတ္တကောင်းမွန်ရမည်။ သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ(၁)လအတွင်း ရရှိသည့် ထောက်ခံစာမူရင်းနှင့်ပူးတွဲ တင်ပြနိုင်ရမည်၊

(ဂ) လျှောက်ထားသူသည် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ(၃၁)ရက်နေ့တွင် အသက်(၂၅)နှစ် ထက်မကြီးရ၊

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၂)လက်မနှင့် ကိုယ်အလေးချိန်(၉၅)ပေါင်ထက်မနည်းရ၊

(င) မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်၊

(စ) လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရှိတပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူဖြစ်ရမည်၊

(ဆ) သူနာပြုတက္ကသိုလ်မှ သူနာပြုသိပ္ပံဘွဲ့ (Bachelor of Nursing Science) ရရှိပြီးသူဖြစ်ရမည်၊ (ဘွဲ့လက်မှတ်မူရင်း တင်ပြနိုင်ရမည်)၊

(ဇ) တပ်မတော်မှ လေ့ကျင့်သင်ကြားမှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်၊

(ဈ) တပ်မတော်တွင်(၁၀)နှစ်အနည်းဆုံး စစ်မှုထမ်းဆောင်ရမည်။

၂။ လျှောက်လွှာများကို ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးနှင့် မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။ လျှောက်လွှာကို ၂၀၁၂ခုနှစ်၊ ဇူလိုင်လ(၄)ရက်နေ့မှစ၍ ထုတ်ပေးမည်ဖြစ်ပြီး ၂၀၁၂ခုနှစ်၊ ဩဂုတ်လ(၁၇)ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှ တစ်ဆင့် စစ်ရေးချုပ်ရုံးသို့ ပေးပို့ကြရမည်။

၃။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များကိုသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင်ဝင်ရောက် အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီ ပေးပို့သွားမည်။

၄။ ရွေးချယ်ခြင်းခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်း အောင်မြင်ပြီးလျှင် ဗဟိုဆေးတပ်တွင် ရက်သတ္တပတ်(၁၂)ပတ်ကြာ သင်တန်းတက်ရောက်ရမည်ဖြစ်ပြီး သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း လစာငွေ (၃၅၀၀၀)ကျပ်နှင့် နိုင်ငံတော်မှ ခံစားခွင့်ပြုထားသော အပိုထောက်ပံ့ကြေး(၃၀၀၀၀)ကျပ်၊ စုစုပေါင်း(၆၅၀၀၀)ကျပ် ခံစားခွင့်ရှိသည်။

၅။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု (Nurse)အဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး ရာထူးခန့်ထားရေးစည်းမျဉ်းနှင့်အညီ သူနာပြု၊ အထက်တန်းသူနာပြု၊ သူနာပြုဆရာမကြီး၊ ဒုတိယသူနာပြုအုပ်၊ သူနာပြုအုပ်အဆင့်အထိ တိုးမြှင့်ပေးမည်ဖြစ်သည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့်အချိန်မီ မရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့လျှောက်လွှာ တင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်း မေးမြန်းနိုင်သည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

မြန်မာ့အလင်း ကျန်းမာရေး ကျန်းမာရေး

ကင်ဆာရောဂါ ခံစားနေရသူများအား သွေးနမူနာစမ်းသပ်ခြင်းဖြင့် အသက်ကယ်နိုင်

တက္ကဆက် ဇွန် ၁၁

ကင်ဆာရောဂါခံစားနေရသော ဝေဒနာရှင် သို့မဟုတ် ကင်ဆာရောဂါခံစားနေရ၍ ကုသမှုခံယူပြီး ရောဂါပြန်ထနေသူများအား သွေးနမူနာစမ်းသပ်စစ်ဆေးခြင်းဖြင့် အသက်ကိုကယ်တင်နိုင်စွမ်းရှိပြီဖြစ်ကြောင်း အထူးကုဆရာဝန်များက ဇွန် ၆ ရက်တွင် ထုတ်ဖော်ပြောကြားလိုက်သည်။ **(အောက်ပုံ)**



အမေရိကန်နိုင်ငံ တက္ကဆက်တက္ကသိုလ် အမ်ဒီအန်ဒါဆင် ကင်ဆာသုတေသနဌာနမှ သုတေသနပညာရှင်များသည် သွေးအတွင်း ကင်ဆာအဖုအကျိတ်ဆဲလ်များကို လေ့လာတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ကင်ဆာရောဂါဖြစ်ပွားမှု စောစီးစွာသိရှိခြင်းဖြင့် အသက်ရှင်နိုင်မှုအခွင့်အလမ်း ပိုများကြောင်း အဆိုပါ သုတေသနအဖွဲ့က သည်လင်းဆက်အွန်ကိုလော်ဂျီဂျာနယ်သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ လေ့လာတွေ့ရှိချက်သည် ကင်ဆာရောဂါဖြစ်ပွားမှု စောစီးစွာ သိရှိရခြင်းကြောင့် အပိုထပ်မံကုသခြင်းကို ထိထိရောက်ရောက် ကုသပေးနိုင်လိမ့်မည်ဟု ဆိုသည်။

ကင်ဆာအဖုအကျိတ်ဆဲလ် (စီတီစီ) သည် တစ်ခုသို့မဟုတ် တစ်ခုထက်ပိုပြီး သွေးအတွင်း၌ လှည့်ပတ်သွားလာနေတတ်ကြောင်း၊ ယင်းဆဲလ်များကို လေ့လာခြင်းဖြင့် ရောဂါထပ်တလဲလဲ ပြန်ဖြစ်နိုင်ခြေရှိမရှိကို ကြိုတင်သိရှိနိုင်စွမ်းရှိကြောင်း သုတေသီများက ပြောကြားသည်။

သွေးအတွင်း စီတီစီအများအပြားတွေ့ရလျှင် ကင်ဆာကြောင့် သေဆုံးနိုင်ခြေပိုများပြီး စီတီစီနည်းလျှင် သေဆုံးနိုင်ခြေနည်းသည်ဟု ဆိုသည်။ သို့သော်လည်း ယင်းလေ့လာ တွေ့ရှိချက်ကို လောလောဆယ်ဆေးရုံဆေးခန်းများ၌ အသုံးပြုခြင်းမရှိသေးပေ။ ယင်းသုတေသနအဖွဲ့သည် ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီမှ ၂၀၁၀ ခုနှစ် ဒီဇင်ဘာအထိ ကင်ဆာဝေဒနာရှင် ၃၀၂ ဦးအား သုတေသနပြုစမ်းသပ်ရာမှ လေ့လာတွေ့ရှိခဲ့ကြခြင်းဖြစ်သည်။ **(အင်တာနက်)**

အားအင်ကုန်ခန်းသော အမျိုးသမီးများ သံဓာတ်အားဆေးသောက်သုံးသင့်

ဂျီနီဗာ ဇွန် ၁၁

အလွန်အမင်း အားအင်ကုန်ခန်းနေပြီး ပင်ပန်းနွမ်းနယ်နေသော အမျိုးသမီးများသည် ဆရာဝန်ညွှန်ကြားချက်ဖြင့် သံဓာတ်အားဆေး သောက်သုံးပေးလျှင် ပြန်လည်အားအင်ပြည့်ဖြိုးလာနိုင်ကြောင်း ဆွစ်ဇာလန်သုတေသီများက ဇွန် ၆ ရက်တွင် ထုတ်ဖော် ပြောကြားလိုက်သည်။ ***(ယာပုံ)***

အမျိုးသမီးများ အားနည်းခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ ကိုယ်လက်မအီမသာဖြစ်ခြင်း၏ အဓိကအကြောင်းအရင်းသည် သံဓာတ်ချို့တဲ့ခြင်းကြောင့်ဖြစ်သည်ဟု ဆိုသည်။

သံဓာတ်အားဆေးများသည် သံဓာတ်ချို့တဲ့သော အမျိုးသမီးများအတွက် ထိရောက်စွာ ကုသနိုင်စွမ်းရှိကြောင်း ဆွစ်သုတေသနပညာရှင်တို့၏ လေ့လာတွေ့ရှိချက်ကို မကြာသေးမီက ကနေဒါဆေးဘက်ဆိုင်ရာအသင်းဂျာနယ်၌ ရေးသားဖော်ပြထားသည်။

ဆွစ်ဇာလန် သုတေသနပညာရှင်များသည် အားအင်ချို့တဲ့နေသော အသက် ၁၈ နှစ်မှ ၅၃ နှစ်အတွင်းရှိ အမျိုးသမီး ၁၉၈ ဦးအား သုတေသနပြုလေ့လာခဲ့ခြင်းဖြစ်သည်။ ယင်းအမျိုးသမီးထက်ဝက်ကို သံဓာတ်အားဆေးနေ့စဉ် ၈၀ ဂရမ်စီ သောက်သုံးစေပြီး ကျန်တစ်ဝက်ကို သကြားလုံးများသာ တိုက်ကျွေးစေခဲ့သည်။ ဆေးတိုက်ကျွေးပြီး ၁၂ ပတ်ကြာတွင် သံဓာတ်အားဆေး သောက်သုံးသော အမျိုးသမီးများသည် ပင်ပန်းနွမ်းနယ်မှု ၅၀ ရာခိုင်နှုန်း လျော့ကျသွားခဲ့ကြောင်း ဆွစ်ဇာလန် လော်ဆင်နီတက္ကသိုလ်မှ သုတေသနအဖွဲ့ခေါင်းဆောင် ဒေါက်တာဘားနတ်ဖက်ရက်က ပြောကြားသည်။ အမျိုးသမီးများ သံဓာတ်ချို့တဲ့မှုကို ကလေးမွေးဖွားနိုင်သော အသက်အရွယ်တွင် အဖြစ်များကြောင်း ဖက်ရက်က ပြောကြားသည်။ ***(အင်တာနက်)***

ငှက်ဖျားရောဂါ ဆေးဝါးသစ်တွေ့ရှိ

ဗန်ကူဗာ ဇွန် ၁၁

ကနေဒါနှင့် ဩစတြေးလျ ပူးပေါင်းသုတေသနသိပ္ပံပညာရှင်အဖွဲ့တစ်ဖွဲ့သည် အသက်ရှင်မှုနှုန်း ၅၀ ရာခိုင်နှုန်းမကရှိသော ငှက်ဖျားရောဂါဆေးဝါးသစ်တစ်ရပ်ကို လေ့လာတွေ့ရှိထားပြီဖြစ်ကြောင်း ဇွန် ၆ ရက်က အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ **(ယာပုံ)**

ယင်းလေ့လာတွေ့ရှိချက်ကို ထရန်ဆလေးရှင်းဆေးသိပ္ပံဂျာနယ်၌ မကြာသေးမီက ရေးသားဖော်ပြထားသည်။

အာကာကျော် - စုစည်းသည်

ယင်းသုတေသနအဖွဲ့သည် ရောင်ရမ်းမှု သက်သာပျောက်ကင်းစေသော ဆေးဝါးအုပ်စုအသစ်ကို ထုတ်လုပ်ပြီး ငှက်ဖျားရောဂါဖြစ်နေသည့် ကြွက်များ၏ ဦးနှောက်ရောင်းရမ်းမှုကို ယင်းတို့၏ ဆေးဝါးဖြင့် ကုသခဲ့ရာ အောင်မြင်မှုရရှိခဲ့သည်ဟု ဆိုသည်။

ဗြိတိသျှ ကိုလံဘီယာတက္ကသိုလ်မှ ဒေါက်တာ ရောဘတ်ဟန်းကော့နှင့် သုတေသနအဖွဲ့ကလည်း အိုင်ဒီအာရ်အမည်ရှိ ငှက်ဖျားဆေးတစ်မျိုးကို တီထွင်ထုတ်လုပ်ခဲ့ပြီး ကြွက်များနှင့် စမ်းသပ်ခဲ့ရာ အောင်မြင်မှုရှိသည်ဟု ဆိုသည်။

ငှက်ဖျားရောဂါကြောင့် နှစ်စဉ် ကမ္ဘာတစ်ဝန်း လူပေါင်းတစ်သန်းခန့် သေဆုံးလျက်ရှိကြောင်း၊ ယင်းတို့အနက် အသက်ငါးနှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများဖြစ်ကြောင်း သိရသည်။

ယင်းတို့သည် ငှက်ဖျားရောဂါ အပြင်းအထန်ခံစားရပြီးနောက် ဦးနှောက်နှင့် ကိုယ်အင်္ဂါအစိတ်အပိုင်းများ ထိခိုက်ပြီး သေဆုံးနေရခြင်းဖြစ်သည်။ **(အင်တာနက်)**

မြန်မာ့အလင်း ကမ္ဘာတစ်လွှားထူးထူးခြားခြား ကမ္ဘာတစ်လွှားထူးထူးခြားခြား

ကမ္ဘာ့အရှည်ဆုံး ချောကလက်ပြား

တူရင် ဇွန် ၁၁

အီတလီနိုင်ငံ တူရင်မြို့အနီး ရီဗာရိုလိုမြို့တွင်ရှိသော ရှော့ပင်းမောတစ်ခု၌ အေဂေါ်ဒါနိုအမည်ရှိ အမျိုးသားတစ်ဦးပြုလုပ်ထားသည့် ချောကလက်ကြီးတစ်ခုသည် ကမ္ဘာပေါ်တွင် အရှည်ဆုံးချောကလက်အဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရကြောင်း ဇွန် ၇ ရက်တွင် သတင်းထုတ်ပြန်သည်။ ***(အောက်ပုံ)***

အဆိုပါ ချောကလက်သည် အရှည် ၁၁ ဒသမ ၅၇ မီတာရှိပြီး အနံမှာ ၂ မီတာ ရှိသည်။ ၎င်းချောကလက်တွင် နို့၊ ထောပတ်၊ ဂျုံမှုန့်၊ သကြား စသည့် ပစ္စည်းများ အချိုးအစား မှန်ကန်စွာရောစပ်ပြီး အေဂေါ်ဒါနိုအမည်ရှိ အမျိုးသားတစ်ဦးက ခုနစ်ရက်ကြာ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ယင်းချောကလက်ပြားကြီးကို ရီဗာရိုလိုအာဆင်အမည်ရှိ ရှော့ပင်းမော၏ အပြင်ဘက် ခန်းမကြီးအတွင်း၌ ခင်းကျင်းပြသခဲ့ရာ ဂင်းနက်စ်မှတ်တမ်းတင်ရေးအဖွဲ့မှ တာဝန်ရှိသူများက လာရောက်လေ့လာ စစ်ဆေးခဲ့ကြသည်။

ယခင်က ကမ္ဘာ့အရှည်ဆုံးချောကလက်ပြားမှာ ၆ ဒသမ ၉၈ မီတာသာရှိခဲ့ရာ ယင်းစံချိန်ကို ယခုချောကလက်ပြားက စံချိန်တင်နိုင်ခဲ့သည်။ အေဂေါ်ဒါနိုသည် ၂၀၁၂ ခုနှစ်ကုန်၌ မီတာ ၅၀ အရှည်ရှိသော ချောကလက်ပြားကြီးတစ်ခု ထပ်မံပြုလုပ်ကာ ဂင်းနက်စ်မှတ်တမ်းတွင် ဆက်လက်တင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ***(အင်တာနက်)***

အချိန်အကြာဆုံး ချားရဟတ်စီးသည့်စံချိန်တင်

လော့စ်အိန်ဂျလိစ် ဇွန် ၁၁

အမေရိကန်နိုင်ငံသား ဂတ်မာတီနက်ဇ်နှင့် မိတ်ဆွေနှစ်ဦးတို့သည် လော့စ်အိန်ဂျလိစ်မြို့ ပစိဖိတ်အမည်ရှိ ဥယျာဉ်အတွင်း တည်ဆောက်ထားသော ချားရဟတ်ပေါ်တွင် ၂၅ နာရီခန့်ကြာ လိုက်ပါစီးခဲ့ရာ ကမ္ဘာပေါ်တွင် အချိန်အကြာဆုံး ချားရဟတ်စီးသူများအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ **(အပေါ်ပုံ)**

မရပ်မနား

ဂတ်မာတီနက်ဇ်သည် လော့စ်အိန်ဂျလိစ်မြို့မှ ရဲအရာရှိတစ်ဦးဖြစ်ပြီး အားလပ်ရက် အပန်းဖြေသည့်အနေဖြင့် အမြင့်ပေ ၁၃၀ ရှိသော ၎င်းချားရဟတ်ပေါ်တွင် ပြီးခဲ့သည့် မေ ၃၁ ရက် နံနက် ၇ နာရီ မိနစ် ၃၀ မှ မေ ၁ ရက် နံနက် ၈ နာရီ မိနစ် ၃၀ အထိ မရပ်မနား ဆက်တိုက်စီးခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ ပစိဖိတ်ဥယျာဉ်သည် လော့စ်အိန်ဂျလိစ်မြို့ တောင်ပိုင်းတွင် တည်ရှိပြီး ဂတ်စ်မာတီနက်ဇ်တို့က အထူးအစီအစဉ်ဖြင့် ချားရဟတ်စီးကာ ဂင်းနက်စ်စံချိန် တင်ခဲ့ကြခြင်းဖြစ်သည်။ ၎င်းတို့သည် လော့စ်အိန်ဂျလိစ်မြို့၌ မကြာမီကျင်းပမည့် နွေရာသီအားကစားပွဲတော်ကို ဂုဏ်ပြုသည့် အထိမ်းအမှတ်အဖြစ် ချားရဟတ်စီးခဲ့ခြင်းဖြစ်သည်။

ဂတ်စ်မာတီနက်ဇ်နှင့် မိတ်ဆွေနှစ်ဦးတို့ ချားရဟတ်စီးခဲ့သည့် အချိန်ကြာမြင့်မှုမှာ ယခင်က အချိန်အကြာဆုံး ချားရဟတ်စီးနင်းမှု ဂင်းနက်စ်မှတ်တမ်း စံချိန်ဖြစ်သော ၂၄ နာရီ ၃၉ မိနစ် ၄၂ စက္ကန့်ကို စံချိန်ချိုးနိုင်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

မောင်ချစ်ကြည်-စုစည်းသည်

ကမ္ဘာ့အကြီးဆုံး တယော

ဘာလင် ဇွန် ၁၁

ဂျာမနီနိုင်ငံ မက်နူကာချန်မြို့မှ တေးဂီတအဖွဲ့တစ်ဖွဲ့က ပြုလုပ်ထားသော တယောတစ်လက်မှာ ကမ္ဘာပေါ်တွင် အကြီးဆုံးတယောတစ်လက်ဖြစ်ကြောင်း ဇွန် ၆ ရက်က ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခြင်း ခံရသည်။ *(အောက်ပုံ)*

၎င်းတယောသည် အရှည် ၁၂ ပေရှိပြီး အသံအိုးအကျယ်မှာ ငါးပေခန့်ရှိသည်။ ယင်းတယောအလေးချိန်မှာ ၁၀၀ ကီလိုဂရမ်ရှိပြီး တယောထိုးတံ အရှည်မှာလည်း ၁၄ ပေရှိရာ ထူးခြားသော သံစဉ်တေးသွားကို ဖန်တီးနိုင်ကြောင်း အဆိုပါ တေးဂီတအဖွဲ့က ပြောကြားသည်။

အဆိုပါတယောကို အထူးအော်ဒါပေးပြုလုပ်ထားခြင်းဖြစ်ပြီး ရိုးရာ တေးဂီတ ဖျော်ဖြေပွဲများတွင် ယင်းတေးဂီတအဖွဲ့က အသုံးပြုတီးခတ် ဖျော်ဖြေမှုပြုလုပ်လေ့ရှိသည်။ ထိုသို့ တယောထိုး ဖျော်ဖြေရာတွင် စင်မြင့်ပေါ်တွင် ပရိသတ်ကြည့်ရှုခွင့်ရအောင် ၎င်းတယောကို ပရိသတ်မြင်ကွင်းသို့ ထုတ်ကာ ဖျော်ဖြေခြင်းဖြစ်သည်။

ဂင်းနက်စ်မှတ်တမ်းသစ်

ယခင်က ကမ္ဘာ့အကြီးဆုံးတယောမှာ အီတလီနိုင်ငံမှ အရှည် ရှစ်ပေရှိပြီး အကျယ် လေးပေရှိသော တယောဖြစ်ရာ ယခုတယောက ဂင်းနက်စ်မှတ်တမ်းသစ် တင်နိုင်ခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

မိတ္ထီလာမြို့တွင် အခြေချနေထိုင်၍ သရက်ခြံလုပ်ငန်းကို စနစ်တကျလုပ်ကိုင်လိုသူများအတွက် အခွင့်အရေးကောင်း မြန်မာနိုင်ငံ အော်ဂဲနစ် အစုအဖွဲ့၏ ထောက်ခံချက်ရရှိထားသည့် အော်ဂဲနစ်သရက်ခြံ

၁။ ရန်ကုန်-မန္တလေးလမ်းမကြီးအနီး၊ မိတ္ထီလာမြို့(စက်ပြင်သ/မနောက်)တွင် မြေ ၁၀ ဧကေ၌ ပေ (၃၀×၃၀)ဖြင့် စိုက်ပျိုးထားသော ၁၀ နှစ်သက်တမ်းရှိ စိန်တစ်လုံး(ကိုင်းဆက်) သရက်ပင်၃၅၀ (အဆောက်အအုံပါပြီး၊ သွပ်ဆူးကြိုးကာပြီး၊ သုံးလက်မရေတွင်းတူးပြီး၊ လျှပ်စစ်မီးအလွယ်တကူ သွယ်တန်းနိုင်)

၂။ မိတ္ထီလာမြို့၊ ပြည်သာယာရပ်ကွက်၊ ဖလမ်းထိပ်တွင် မြေ ၃ ဒသမ၂၅ဧက၌ ပေ (၂၅×၂၅) ဖြင့် စိုက်ပျိုးထားသောခြောက်နှစ်သက်တမ်းရှိ စိန်တစ်လုံး(ကိုင်းဆက်) သရက် ၃၂၅ပင်(လျှပ်စစ်မီး အလွယ်တကူသွယ်တန်းနိုင်)

၃။ မိတ္ထီလာမြို့တွင်း မြေ ၁ ဒသမ ၂၅ ဧကပေါ်၌ [ပေ(၄၂×၄၀)1 RC၊ ဧည့်ခန်း၊4 MBR၊ ဘုရားခန်း၊ မီးဖို၊ စတို၊ ဧည့်ခန်းနှင့်အိပ်ခန်းများ၊ ကျွန်းပါကေးခင်းပြီး၊ အုတ်စည်းရိုးခတ်ပြီး၊ ရေ၊ မီးစုံ၊ နှစ်ရှည်သီးပင်စားပင်များဖြစ်ထွန်းပြီး]

၄။ အော်ဂဲနစ်ထောက်ခံချက်ရရှိပြီးဖြစ်၍ ဈေးကွက်စီးပွားရေးစနစ်အရ နိုင်ငံခြားသို့ အရည်အသွေးမီတင်ပို့နိုင်ပါသည်။ ၂၀၁၃ ခုနှစ် ရာသီအမီစတင်ပြင်ဆင်နိုင်ရန်အတွက် ၁၀ ဧကခြံအား တစ်နှစ်ကျပ်သိန်း ၁၀၀ဖြင့်နှစ်ရှည်ငှားရမ်းခြင်း(သို့)ကျပ်သိန်း ၁၈၀၀ဖြင့်ရောင်းချခြင်း၊ ၃ဒသမ ၂၅ ဧကခြံအား ကျပ် ၃၂၅ သိန်းဖြင့် ရောင်းချခြင်း(သို့) အိမ်စီးယာဉ်ငယ်ဖြင့် လဲ/ထပ်ခြင်း၊ မြို့တွင်းရှိ တိုက်အား ကျပ်သိန်း ၃၅၀၀ဖြင့် ရောင်းချခြင်းပြုလိုပါသည်။ အမှတ်စဉ် ၁၊ ၂၊ ၃ တို့မှာ တစ်မိုင်ခန့်သာကွာဝေးပြီး တစ်ပေါင်းတည်းဝယ်ယူလိုပါက ဈေးနှုန်းညှိနှိုင်းပေးပါမည်။ **(အကျိုးဆောင်သူ လိုအပ်ပါသည်) ဖုန်း-၀၆၄-၃၅၄၂၃၊ ၀၉-၄၇၁၂၇၈၃၇၊ ၀၉-၄၄၄၀၀၆၅၇၁**

ယာဉ်မှတ်ပုံတင် မိတ္တူ လျှောက်ထားခြင်း

၃ယ/၅၀၁၉၇ HONDA WAVE NF 100ms M/c ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြတ်ထွဋ် ၆/မအရ(နိုင်)၀၁၁၄၀က (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ဦးစီးမှူးရုံး၊(မြိတ်)

ကန့်ကွက်နိုင်ပါကြောင်း

နိုင်ငံတကာ (Multinational) ကုမ္ပဏီကြီးများအတွက် Business ကိုနားလည်သော IT ပညာရှင်အဖြစ်သော IT ကို နားလည်သော ခေတ်မီ Business Manager များ အဖြစ်ပါ လုပ်ကိုင်နိုင်သည့် အင်္ဂလန်နိုင်ငံ၏ ဘွဲ့ရများ

B.Sc (Hons) Business IT

University of Greenwich (UK)

- **Yangon Campus** 01-395512, 245762, 249152, 246634
- **Mandalay Campus** 02-77930, 09-91034062
- **Yatanarpon Special Campus** (ရတနာပုံနည်းပညာမြို့ ပြင်ဦးလွင်) 02-5178112, 02-5178132, 02-5178113, 09-43104966 (အနယ်နယ်အရပ်ရပ်မှကျောင်းသား/ကျောင်းသူများအတွက်)
- **Virtual Campus (www.mccivc.com)** (ကျောင်းတက်ရန်အချိန်မပေးနိုင်သူများအတွက်)

ဖခင်အမည်မှန်

မကွေးမြို့၊ အမက(၅) စတုတ္ထတန်းတွင်ပညာသင်ကြားနေသော မခင်ခင်သက်ပိုင်၏ ဖခင်အမည်မှန်မှာ ဦးစန်းဝဏ္ဏကျော် ဖြစ်ပါကြောင်း။

ဦးစန်းဝဏ္ဏကျော်
၉/နတက(နိုင်)၀၀၀၄၆၈

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊မန်ကျည်းကန်အုပ်စု၊ လွန်ပင်ရှိရွာနေ (ဦးကြည်မောင်)-ဒေါ်တင်ကြည်တို့၏သား ကိုအောင်ဇော်မင်း ၈/ရနခ(နိုင်)၀၇၄၅၈၃သည် မိခင်ကြီး၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝတာဝန်မယူပါ။**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

မိခင် -ဒေါ်တင်ကြည်
၈/ရနခ(နိုင်)၀၄၃၃၄၂

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေကွက်အမှတ် သကမ/၈/၇၆-ခ၊ ပေ (၂၀×၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လှိုင်သာယာမြို့နယ်၊ (၁၄)ရပ်ကွက်၊ နံ့သာဖြူလမ်း၊ အမှတ် ၇၆/ခဟုခေါ်တွင်သည့် နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ဝယ်ထား အကျိုးခံစားလျက်ရှိသူ ဦးနိုင်ဝင်း ၁၂/ရပသ(နိုင်) ၀၁၈၀၅၉ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများ အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ပြီးစီးစွာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဒေါ်နီနီအောင် LL.B, D.B.L အထက်တန်းရှေ့နေ
အမှတ် ၈၃၊ အခန်း ၁၆(အေ)၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၀၈၅၁၃၂

ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ပဲခူးမြို့နယ်၊ ညောင်အင်းကျေးရွာအုပ်စု၊ ကွင်းအမှတ် ၁၁၅၆၊ ကွင်းအမည် (လှည်းစခန်းကွင်း)၏ ဦးပိုင်အမှတ်(၂၁/၁)၊ဧရိယာ ၃ဒသမ၂၀ဧကရှိ (လန-၃၉)မြေကွက်တစ်ကွက်၊ ဦးပိုင်အမှတ် (၂၁/၄)၊ ဧရိယာ ၅ဒသမ၉၃ဧကရှိ (လန-၃၉)မြေကွက်တစ်ကွက် ဦးပိုင်အမှတ် (N-၁၉)၊ ဧရိယာ ၁ဒသမ၇၅ဧကရှိ (လန-၃၉) မြေကွက်တစ်ကွက် စုစုပေါင်းအကျယ် ၁၀ဒသမ၈၈ဧကရှိသည့် ရန်ကုန်-ပဲခူးကားလမ်းမဘေးရှိ တစ်ဆက်တည်းမြေကွက် သုံးကွက်တွဲအား အမည်ပေါက်လျက် လက်ရှိထားပိုင်ဆိုင်ခွင့်ရရှိထားကြသူ (၁)ဦးစိုးလင်း၊ (၂)ဦးခင်မော်၊ (၃)ဦးဇော်ထိန်တို့ သုံးဦးထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူသွားရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားခဲ့ပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်များအား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်စန်းစန်းမော် (စဉ်-၆၄၈၇)
တရားလွှတ်တော်ရှေ့နေ ဖုန်း-၀၉-၅၁၉၃၈၈၄
အမှတ် ၅၀၊ ပထမထပ်၊ အခန်း D-2၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်



ဖခင်အမည်မှန်

လောက်ကိုင်မြို့၊ အထက(၁)တွင် ပညာသင်ကြားနေသော မောင်သော်ဇင်ထက် (တက္ကသိုလ်ဝင်တန်း)၊ မသင်းသဇင် (နဝမတန်း)၊ မချစ်စပယ်ဖူး (ဆဌမတန်း)၊ မောင်ထက်ဝေရန်လင်း (တတိယတန်း)တို့၏ ဖခင်အမည်မှန်မှာ ဦးကျော်မိုးအေး ၁၃/လရန(နိုင်) ၀၁၉၃၃၅ဖြစ်ပါသည်။

ဦးကျော်မိုးအေး



ပြင်ဆင်မှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်တရားပြိုင်သို့

ကြားသိစေသည့် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)

နေပြည်တော်ခရိုင် နယ်တရားမရုံးတော်၌ ၂၀၁၂ ခုနှစ် တရားမပြင်ဆင်မှုအမှတ်-၆

ဒေါ်ကြည် **နှင့်** ၁။ ဦးကျော်ဝင်း၊ ၂။ ဒေါ်ညွန့်ကြည်၊ ၃။ ဦးမာ၊ ၄။ ဦးခင်မောင်ညွန့်၊ ၅။ မအေးမြင့်၊ ၆။ မောင်မောင်ကြီး(ခ)ဝင်းဇော်၊ ၇။ ကိုသိန်းဇော်(ခ)စိုင်လေး ၈။ ဦးဝင်းဘို၊ ၉။ ဝင်းကို

လျှောက်ထားသူ **လျှောက်ထားခံရသူများ**

၂၀၁၂ ခုနှစ် မတ် ၁၄ ရက်စွဲပါ တပ်ကုန်းမြို့နယ်တရားမရုံးတော်မှ စီရင်ချက်နှင့်ဒီကရီကို ပြင်ဆင်မှုလျှောက်ထားခံရသူ ကိုသိန်းဇော်(ခ)စိုင်လေး အနော်ရထာရပ်ကွက်၊ တပ်ကုန်းမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် တပ်ကုန်းမြို့နယ်တရားမရုံးတော်က ချပေးသည့် ဒီကရီကို ဒေါ်ကြည်က ပြင်ဆင်ရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၊ ထိုပြင်ဆင်မှုကို ၂၀၁၂ခုနှစ် ဇွန် ၂၉ ရက် (၁၃၇၄ ခုနှစ် ပထမဝါဆိုလဆန်း ၁၁ရက်)တွင် ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက် ရှက်ဆောင်ရန် တရားဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ မလာမရောက်ရှိခဲ့လျှင် ၄င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်က အယူခံနိုင်ခွင့်ရှိသော အမိန့် ၄၁၊ နည်းဥပဒေ ၂၂အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ချိန်းထားသည့်အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာ သွင်းရမည်။ ၂၀၁၂ခုနှစ် ဇွန် ၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အောင်ဝင်း (တ/၁၆၇၄)၊ ဒုတိယခရိုင်တရားသူကြီး (၂)၊ နေပြည်တော်ခရိုင်တရားရုံး

ပ/၃၇၆၇ကား လက်ဝယ်ရှိသူ ဆက်သွယ်ရန် ကြေညာခြင်း

ပ/၃၇၆၇ TOYOTA စပရင်တာ (အဖြူရောင်)မော်တော်ကား၏ ယာဉ်ပိုင်ရှင် စာအုပ်မူရင်း အထောက်အထားသည် ကျွန်ုပ်တို့မိတ်ဆွေ၏ လက်ဝယ်တွင် ရှိနေပါသည်။ ယာဉ်နှင့်ပတ်သက်၍ ဆောင်ရွက်ရန် ရှိပါသဖြင့် ယာဉ်လက်ဝယ်ရှိသူသည် ကျွန်ုပ်တို့ထံသို့ အမြန်ဆုံးဆက်သွယ်အကြောင်းကြားပါရန် ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မြတ်အိဖြူ	**ဒေါ်နီနီရည်ဝေ**	**ဒေါ်အိအိမြင့်**
စဉ်-၂၉၈၃၁	**စဉ်-၃၅၈၀၁**	**စဉ်-၃၇၈၅၈**

အထက်တန်းရှေ့နေများ
အမှတ် ၂၀၃၊ သုံးလွှာ၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၃၇၇၄၀၆၊ ၀၉-၄၇၁၁၀၃၈၀၊ ၀၉-၄၃၁၃၅၈၅၉

အများသိစေရန်

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးစိုးမိုးကျော် ၁၄/ပသန(နိုင်) ၁၇၃၇၁၀၊ ဦးနေမျိုးကျော် ၁၄/ပသန(နိုင်)၂၃၇၂၉၇နှင့် မမွေးအိအိကျော် ၁၄/ပသန(နိုင်)၂၃၇၂၉၈ အမှတ် ၁၅၊ ဗလီလမ်းကြား၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီးနေသူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေများသည် (အဖ)ဦးလှစိန် (အမိ)ဒေါ်ဝင်းဝင်းကျော်တို့မှ မွေးဖွားခဲ့သောသားသမီးများဖြစ်ကြပါသည်။ (ဖခင်)ဦးလှစိန်မှာ ၈-၃-၂၀၀၈ရက်တွင် ကွယ်လွန်သွားခဲ့ပြီးနောက် အောက်ပါပစ္စည်းများကျန်ရစ်ခဲ့ပါသည်။

(က) ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ၃၂ လမ်း (အလယ်)၊ အမှတ် ၁၃၈၊ မြေညီထပ်တိုက်ခန်းနှင့် ပထမထပ်တိုက်ခန်း(ရန်ကုန်စက္ကူနှင့် ပုံနှိပ်မင်ရောင်းဝယ်ရေး)
(ခ) စက္ကူဖြတ်စက် ဂျာမဏီ(ဓားစက်)
(ဂ) ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ၃၁ လမ်း(အောက်)၊ အမှတ် ၄၅(ဘီ)တိုက်ခန်း၊
(ဃ) လိုက်ထရပ်ကားတစ်စီး

ကွယ်လွန်သူ ဦးလှစိန်ကျန်ရစ်သော အထက်ဖော်ပြပါပစ္စည်းများနှင့်ပတ်သက်၍ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ စွန့်လွှတ်၊ ပေးကမ်းခြင်းမပြုလုပ်ရန် အသိပေးတားမြစ်လိုက်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးကျော်ကျော်မိုး	**ဦးမြင့်စိုး**
အထက်တန်းရှေ့နေ	**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၅၀၄)**

ရှေ့နေများနားနေခန်း၊ စုပေါင်းရုံး၊ အင်းစိန်



အများသိစေရန်

အခန်း ၅၀၁(အေ)၊ အမှတ် ၆၂၊ မဟာဗန္ဓုလကွန်းပလက်စ်တာဝါ၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၌ တည်ရှိသော Excel United International Co.,Ltd. ကုမ္ပဏီမှ အများသိစေရန် ကြေညာအပ်ပါသည်။

ဇေယျာဖြိုး ၁၂/လသယ(နိုင်)၀၃၁၅၂၉သည် ကုမ္ပဏီပိုင်ငွေကြေးများကို အလွဲသုံးစားပြုလုပ်ထားပါသောကြောင့် ၂၀၁၁ အောက်တိုဘာ ၄ရက်တွင် ကုမ္ပဏီမှထုတ်ပယ်ပြီးဖြစ်ပါသည်။ ၄င်းအပြင် ပုဇွန်တောင်ရဲစခန်း၌ (ပ/၅၅/၂၀၁၂)ဖြင့် အမှုဖွင့်တိုင်တန်းအရေးယူထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၄င်းအနေဖြင့် ကုမ္ပဏီအမည်ခံ၍ ပြုလုပ်ဆောင်ရွက်ထားသော ကိစ္စအဝဝကို ကုမ္ပဏီမှတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မေနှင်းခိုင်
HR Manager
Excel United International Co.,Ltd.



ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ပတ်(စ်)ပို့ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပေးပို့ပါရန်။ **မောင်ဌေးဝင်း**

ဖုန်း-၀၉-၄၉၇၁၈၅၁၀

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၊ မြေကွက်အမှတ် ၉၄၇၊ မြေကွက်တည်နေရာအမှတ် ၉၄၇၊ ၇လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်အေးသန်း၊ ဦးကျော်ငြိမ်း၊ ဦးတင်ဖေအမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်တစ်ဦး ဦးတင်ဖေ ကွယ်လွန်သဖြင့် ဒေါ်သိန်းသိန်းမာ ၁၂/ဥကတ(နိုင်) ၀၅၇၀၆၀ က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် ကျန်အမည်ပေါက်နှစ်ဦး ဦးကျော်ငြိမ်း ၇/သဝတ(နိုင်)၀၀၂၃၂၉၊ ဒေါ်အေးသန်း ၇/သဝတ(နိုင်) ၀၀၂၄၀၆တို့နှင့်ပူးတွဲ၍ မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

[illegible]

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂၊ ပေါင်းလောင်း(၂)၊ မြေကွက်အမှတ်(၂၈၁-A)၊ ဧရိယာ ၀ဒ၁သမ ၀၅၅၈ကေ၊ မြေကွက်တည်နေရာအမှတ်(၂၈၁-A)၊ ၂၂လမ်း၊ ပေါင်းလောင်း(၂)၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့၊ မြန်မာ့အကောင်းဆုံးကုန်သွယ်မှုကုမ္ပဏီအမည်ဖြင့် ပိုင်ဆိုင်သောပါမစ်မြေအား ဒေါ်မေဇွန် ၇/ပခတ(နိုင်)၀၄၆၉၆၅ (ဘ) ဦးအုန်းချိုပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားဂရန်သစ်လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ အေက်ဖော်ပြပါရုံးသို့ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ် ၄၃၉/ခ၊ မြေကွက်တည်နေရာအမှတ် ၄၃၉/ခ၊(၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်ပီချေးအမှာလ်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ပီချေးအမှာလ်နှင့်ခင်ပွန်း ဦးကစ္စနားဆာမိ ကွယ်လွန်သဖြင့် ဒေါ်စစ်စလီမာ ၁၂/ဒဂရ(နိုင်)၁၁၀၈၇၃၊ ဒေါ်အေအမှာလ် ၁၂/ဥကတ(နိုင်)၁၃၂၉၅၃၊ ဒေါ်အယ်အေမေရီ ၁၂/ဥကတ(နိုင်)၁၃၂၉၅၄၊ ဦးအန်တိုနီ ၁၂/ဥကတ(နိုင်)၀၁၂၈၆၆၊ ဦးအေလာဇရပ် ၁၂/ဥကတ(နိုင်)၁၃၂၉၇၉၊ ဒေါ်ဖာတီမာ ၁၂/ဥကတ(နိုင်)၀၀၈၀၂၃၊ ဒေါ်ဂျူလီယာနာမေရီ ၁၂/ဥကတ(နိုင်)၀၀၇၉၉၃ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံရန်နှင့် အရောင်းအဝယ်စာချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးထွန်းရင် (လူထုမေတ္တာစတိုး)

အသက်(၈၆)နှစ်

ဒေါ်မြင့်သီတာ (ဌာနမှူး၊ သတ္တဗေဒဌာန၊ တပ်မတော်ဆေးတက္ကသိုလ်)၊ ဒေါက်တာဦးကျော်မင်း(K လူထုမေတ္တာစတိုး)-ဒေါ်ခင်ဝါဝါမြင့်(မြဝတီရပ်မြင်သံကြား)၊ ဦးထွန်းဝင်း(လူထုမေတ္တာ မြန်မာဆေးမျိုးစုံ၊ လမ်းမတော်)တို့၏ဖခင်ကြီး ဦးထွန်းရင် ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါ်ဖြူသီမိသားစု

ဦးအောင်မြင့် (လူပုံတော်ပတ္တမြား)

အဘယသုခဆေးတိုက်

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၁၁၀၇၊ ၁၁၀၈၊ မြေကွက်တည်နေရာအမှတ် ၁၁၀၇၊ ၁၁၀၈၊ (၁၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒေါ်ဘေဘီမြင့် KMDE-၀၀၄၃၂၂ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ဘေဘီမြင့်ထံမှ မှတ်ပုံတင်အရောင်းစာချုပ်အမှတ် ၆၈၀/၂၀၀၄ / ၉-၃-၀၄ ဖြင့် ရရှိသူ ဦးခင်မောင်ထွန်း ၁၂/အစန(နိုင်)၀၁၈၀၆၃ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၄၈၈၃/၁၂ / ၂၉-၂-၁၂ ရသူ ဦးမြင့်စိုး ၈/မကန(နိုင်)၁၄၄၃၄၃က နှစ် ၆၀ မြေငှားစာချုပ် ဂရန်ပျောက်ဆုံးကြောင်း ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာ၊ ကျမ်းကျိန်လွှာ၊ ဌာနဝန်ခံကတိပုံစံများတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

ဦးကျော်ဇော

B.A,B.Ed

ကျောင်းအုပ်ကြီး (ငြိမ်း၊ မင်းဘူး)

အသက်(၈၇)နှစ်

ဦးတင်မောင်အေးထူး (ညွှန်ကြားရေးမှူး၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန)၊ ဒေါ်ရီရီသန်းတို့၏ဖခင် ဦးကျော်ဇော အသက်(၈၇)နှစ်သည် ၈-၆-၂၀၁၂ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ရန်ကုန်စက်မှုတက္ကသိုလ်

၁၉၈၃ခုနှစ် စက်မှုအင်ဂျင်နီယာဘွဲ့ရ သူငယ်ချင်းများ

ဦးဝင်းကို

B.Com(Q), C.P.A, ACCA (HD)

Accounting Gold Medalist

LCCI & MYOB

စာရင်းကိုင်သင်တန်းများ

(16.6.2012 စနေ) [illegible]

အမှတ်(၂၃-A) [illegible]

Tel : 09 550 7139, 09 511 8648

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်အေး (ကျောက်ဆည်)

အသက်(၈၃)နှစ်

ဦးအောင်မိုးဆွေ၏မိခင် ဒေါ်ခင်အေး(ကျောက်ဆည်)သည် ၈-၆-၂၀၁၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Thantwe Marine Products Co., Ltd. မိသားစု

Kyi Brothers Industries Co., Ltd.မိသားစု

(၆)လပြည့် လွမ်းဆွတ်အမှတ်ရခြင်း

ဒေါက်တာဦးတင်အောင်

(ခွဲစိတ်အထူးကုဆရာဝန်ကြီး)

ကျေးဇူးရှင်ဖခင်ကြီး-

ချစ်တဲ့မိသားစုကို ခွဲခွာသွားခဲ့တာ ဒီနေ့ ခြောက်လပြည့်ပါပြီ၊ ဒါပေမယ့် သမီးတို့ရင်ထဲမှာ ပါပါး ထာဝရရှင်သန်နေဆဲပါ။ ဒီနေ့အထိ ပါပါးကိုရည်စူးပြီး ပြည်တွင်း၊ ပြည်ပ၌ လှူဒါန်းသောကောင်းမှုတို့ကို အမျှပေးဝေပါတယ်။ ပါပါး ငြိမ်းချမ်းပါစေ။ **ပါပါး.... အမျှ---အမျှ---အမျှ**

ချစ်ဇနီး- ဒေါက်တာသန်းသန်း(ပါမောက္ခ-ငြိမ်း)

ချစ်သမီးများ- ဒေါက်တာယဉ်သူအောင် (UK)

ဒေါက်တာအိသူအောင် (Australia)

ဒေါက်တာဖြိုးသူဇာအောင် (Australia)

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၆၁၉/က၊ မြေကွက်တည်နေရာအမှတ် ၆၁၉/က၊ ဝရဇာ ၆ လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးစောအယ်ဒီဆင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးစောအယ်ဒီဆင် DNU-၁၀၆၇၃၅က ဂရန်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ရဲစခန်းထောက်ခံချက်၊ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လသာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် $21A^2$၊ မြေကွက်အမှတ် Northern ½ of Southern Portion of Western ½ of I Class 10 မြေကွက်တည်နေရာအမှတ် ၁၄၆၊ စဉ့်အိုးတန်းလမ်း၊ လသာမြို့နယ် ဦးမောင်ဝင်း(ခ)ကြောင်ဝင်းနန်း အမည်ပေါက် မြေပိုင်မြေအား စာချုပ်စာတမ်းရုံး၏ မှတ်ပုံတင်ထားသည့် အမွေဆက်ခံပိုင်ဆိုင်စာချုပ် (၁၀၆၆/၂၃-၃-၉၈) မိတ္တူမှန်တင်ပြ၍ ဒေါ်သန်းသန်းနု ၁၂/လသန(ဧည့်)၀၀၁၂၃၇က အမည်ပြောင်းလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သင့်သွေးဖြင့် အသက်ကယ်ပါ

[illegible]

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ တန်ဆောင်း ဒါယကာကြီး

ဒုတိယဗိုလ်မှူးကြီးသန်းထိုက် (ငြိမ်း)

ကြည်း-၈၀၅၇၊ O.T.S (21)

အမျိုးသားညီလာခံကိုယ်စားလှယ်(ညောင်နှစ်ပင်)

လယ်ဝေး/ပြည်

အသက်(၈၂)နှစ်

လယ်ဝေးမြို့နေ (ဦးခေမာ-ဒေါ်ရွှေမြင့်)တို့၏သား၊ ရေစကြိုမြို့နေ (ဦးဘသန်း-ဒေါ်စောရင်)တို့၏သားသမက်၊ ပြည်မြို့၊ (၃/၂၄)၊ နဝင်းကွက်သစ်၊ ရွှေတချောင်းလမ်းနေ [ဒေါ်ကြင်မြ(ခ)ဒေါ်စံမေ]၏ခင်ပွန်း၊ ဦးကျော်ဆွေ-ဒေါ်ခင်ဒါလီဆွေဝင်း၊ ဗိုလ်မှူးကြီးခင်မောင်လတ်(ငြိမ်း) (ဒါရိုက်တာ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်)-ဒေါ်သန်းသန်းဌေး၊ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်-ဒေါ်နုနုယဉ်(ပင်လောင်း)၊ ဒေါ်ယုယုဌေး(အထက-၃၊ပြည်)၊ ဦးတင့်အောင်၊ ဗိုလ်မှူးအေးကိုကို(ငြိမ်း) (သတ္တုတွင်း ဝန်ကြီးဌာန)-ဒေါက်တာကေခိုင်မျိုးတို့ ၏ဖခင်၊ မောင်မောင်ကျော်ထိုက်-မဆွေဆွေမြင့်၊ ဗိုလ်မှူးသက်ထွဋ်ဇော်-မသီသီဆွေ(ခေတ္တ-အင်ဒိုနီးရှားသံရုံး)၊ ကိုသက်အောင်-မချိုချိုမာ၊ ဗိုလ်မှူးမင်းသန့်လွင်(ဒုတပ်ရင်းမှူး)-မနှင်းအိလတ် (Ph.D, Candicate)၊ ကိုစစ်အောင်လတ်(ဒုဦးစီးမှူး၊ ထွေ/အုပ်)၊ မသက်သက်ယဉ်မြင့်၊ ဗိုလ်လောင်းမင်းသန့်ထိုက်၊ မောင်ဘုန်းမြတ်ယဉ်မြင့်၊ မရှင်မင်းဝေတို့၏အဘိုး၊ ကောင်းကောင်း၊ မင်းခန့်၊ ကဲကဲ၊ သဲသဲတုန်၊ ဘေဘီမင်းသန့်လွင်တို့၏ဘိုးဘိုးကြီးသည် ၁၀-၆-၂၀၁၂ရက် ၁၆း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၂ရက်(အင်္ဂါနေ့) ညနေ ၃နာရီတွင် ပြည်မြို့ အေးငြိမ်းရာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီးသန်းထိုက် (ငြိမ်း)

ကြည်း-၈၀၅၇

အမျိုးသားညီလာခံကိုယ်စားလှယ်(ညောင်နှစ်ပင်)

လယ်ဝေး/ပြည်

အသက်(၈၂)နှစ်

သူငယ်ချင်း ဗိုလ်မှူးအေးကိုကို(ငြိမ်း) (သတ္တုတွင်းဝန်ကြီးဌာန)-ဒေါက်တာကေခိုင်မျိုးတို့၏ဖခင်သည် ၁၀-၆-၂၀၁၂ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၅)မှ ကျောင်းဆင်းဘက်သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ကြူရင်

အသက်(၈၀)

သူငယ်ချင်း ဒုရဲမှူးရဲအောင် (ဘီးလင်းမြို့နယ် ရဲတပ်ဖွဲ့မှူး)၏ မိခင်သည် ၆-၆-၂၀၁၂ရက် နံနက် ၄နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ချစ်သူငယ်ချင်းများ

(၈၂-၈၃ ပုသိမ်ဒီဂရီကောလိပ်)

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁တိုးချဲ့၊ မြေကွက်အမှတ် ၅၆၀၊ မြေကွက်တည်နေရာအမှတ် ၅၆၀၊၁တိုးချဲ့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဦးထွန်းရီ အမည်ပေါက်မြေချပါမစ်မြေအား အမည်ပေါက် ဦးထွန်းရီထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့်ရရှိသူ ဒေါ်မြင့်မြင့်သန်း၁၂/အစန(နိုင်)၁၀၇၉၁၅က မြေချပါမစ်ပျောက်ဆုံးကြောင်း ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာ၊ တရားရုံးကျမ်းကျိန်လွှာ၊ ဝန်ခံကတိပုံစံများတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ မြေကွက်အမှတ် ၂၁၅/ခ၊ မြေကွက်တည်နေရာအမှတ် ၂၁၅/ခ၊မိဂသီ ၁၉လမ်း၊(၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်သိန်းရီ၊ ဦးသံချောင်းအမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်သိန်းရီနှင့် ဦးသံချောင်းကွယ်လွန်သဖြင့် ဒေါ်လှဲလှဲဝင်း ၁၂/ဥကမ(နိုင်)၁၃၁၂၈၃၊ ဦးအေးကြူ ၁၂/ဥကတ(နိုင်)၁၁၈၂၂၆၊ ဦးခင်လှိုင် ၁၂/ဥကတ(နိုင်)၁၃၀၅၆၇တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သောအိမ်ရာများနှင့် ဌာနမှယာယီမြေရှင်အဖြစ် ဆောင်ရွက်ခဲ့သောတိုက်ခန်းအား မူလနေထိုင်သူ ကန်ထရိုက်တာထံမှတစ်ဆင့် ဝယ်ယူထားသူက အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန်နှင့် နေထိုင်သူများလိုက်နာရမည့် စည်းကမ်းချက်စာချုပ်ပျောက်ဆုံး တင်ပြလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဒေါ်တင် cc-၀၀၄၈၆၄(က·စ) ဒေါ်ခင်မမ ၁၂/ပဘတ(နိုင်)၀၀၇၉၇၉ ဦးသန်းမြင့် ၁၂/ပဘတ(နိုင်)၀၀၆၉၈၆(မှ)	ဦးသန်းဌေး ၃/မ၀တ(နိုင်)၀၀၅၂၆၇	တိုက် ၂၈၅၊ အခန်း ၂၇၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်း
၂။	ဦးရင်လူ ၈/တတက(နိုင်)၀၈၉၄၃၆	ဒေါ်ဌေးကြည် ၁၂/ကမတ(နိုင်)၀၅၃၉၁၄	တိုက် ၁၀၊ အခန်း-၈ ပန်းလှိုင်အိမ်ရာ၊ ကြည့်မြင်တိုင်
၃။	ဒေါ်အေးအေးမြင့် ၈/တတက(ဧည့်)၀၀၀၀၆၈(မှ) ဦးကျော်ကို(ခ)ဦးစိန်ဌေး ၁၂/လမတ(နိုင်)၀၁၉၀၀၇	နေထိုင်သူများလိုက်နာရမည့် စည်းကမ်းချက်စာချုပ်ပျောက်ဆုံး	တိုက်(၃၈)၊ အခန်း(၁)၊ ဗဟိုစည်အိမ်ရာ၊ လမ်းမတော်
၄။	ဦးလှမြင့် LC-၂၆၃ (ကစ) ဦးကျော်မြင့် ၁၂/မဂတ(နိုင်)၀၉၃၉၅၂(မှ)	ဒေါ်ခင်မာလွင် ၁၂/မဂတ(နိုင်)၀၆၆၈၂၂	တိုက် ၇၊ သုံးလွှာ(ယာ) ၁၂၃လမ်း၊မင်္ဂလာတောင်ညွန့်
၅။	ဦးကျော်သာ LC-၁၆၁ ၁၂/မဂတ(နိုင်)၀၇၉၇၄၂(မှ) ဒေါ်စောစောသာ ၁၁/စတန(နိုင်)၀၁၅၂၉၄(မှ)	ဦးလှမောင် ၁၂/ကတတ(နိုင်)၀၂၂၄၈၅	တိုက် ၂၈၉၊ လေးလွှာ(ယာ) လမ်း ၄၀၊ ကျောက်တံတား

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ဒေါ်စိန်မှုန်

အသက်(၇၉)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့နယ်၊ စည်သာကန်ဦးကျေးရွာနေ (ဦးဘတင်-ဒေါ်နွဲ့)တို့၏သမီး၊ ဝါးခယ်မမြို့နယ်၊ ကျုံမငေးမြို့၊ အုန်းပင်ဘက်ကမ်းနေ (ဦးမောင်ဘဏ်-ဒေါ်အေးကြွယ်)တို့၏သမီးချွေးမ၊ (ဦးအောင်သန်း)၏ဇနီး၊ နေပြည်တော်နေ ဦးဝင်းကြည်(ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန)-ဒေါ်ကြူကြူလှိုင်၊ မြောင်းမြမြို့၊ အမှတ်(၆)နယ်မြေ၊ အောင်မင်္ဂလာရပ်၊ မေတ္တာလမ်း၊ အမှတ် ၁၁၆နေ ဒေါ်စန်းစန်းမြင့်တို့၏မိခင်သည် ၇-၆-၂၀၁၂ရက် နံနက် ၇း၁၅နာရီတွင် မြောင်းမြမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၆-၂၀၁၂ရက် မွန်းလွဲ ၁နာရီတွင် မြောင်းမြမြို့ ဘုရားချောင်း ရွာမသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၃-၆-၂၀၁၂ရက် နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်သန်း (ပလိုင်းရွာ၊ ရွှေဘို)

အသက်(၇၈)နှစ်

ရွှေဘိုမြို့၊ ပလိုင်းရွာနေ (ဦးရှင်-ဒေါ်ဟန်)တို့၏သမီး၊ (ဦးဖိုးတွဲ-ဒေါ်ချစ်စု)တို့၏သမီးချွေးမ၊ ဦးစိန်အောင်၏ဇနီး၊ မန္တလေးမြို့၊ ၃၇လမ်းနေ ဒေါက်တာဦးအောင်သိန်း(Ph.D၊ မဟာသဒ္ဒမ္မဇောတိကဓဇ)-ဒေါ်တင်အေး(S.A.T၊ ငြိမ်း)တို့၏ညီမ၊ ရွှေဘိုမြို့၊ ပလိုင်းရွာနေ ဦးကြီးမောင်-(ဒေါ်အေး)၊ ဒေါ်ဌေး(J.A.T၊ ငြိမ်း)၊ ဒေါ်ခင်လေး(J.A.T၊ ငြိမ်း)၊ ဒေါက်တာပန်းလှိုင်ရွှေ၊ ဦးပေါ်ဌေး(J.A.T၊ ငြိမ်း)-ဒေါ်ညိုညို(J.A.T၊ ငြိမ်း)တို့၏အစ်မ၊ ကိုမိုးဇော်-မတင်တင်ဝေ၊ ၁၉လမ်း×၈၂လမ်း၊ မင်းသီဟကဖေးနေ ကိုမိုးကျော်-မခင်မာချို၊ ရွှေဘိုမြို့၊ ပလိုင်းရွာနေ ကိုမိုးအောင်မအေး၊ ကိုမိုးနောင်-မသီတာ(မင်းသီဟကဖေး)တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၉-၆-၂၀၁၂ရက် (စနေနေ့) ည ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၂ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရွှေဘိုမြို့ ပလိုင်းရွာသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဒေါ်တင်တင်ဝင်း

အဖွဲ့ဝင်၊ ပဲခူးတိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့

အသက်(၆၇)နှစ်

ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ အဖွဲ့ဝင် ဒေါက်တာဒေါ်တင်တင်ဝင်း အသက်(၆၇)နှစ်သည် ၉-၆-၂၀၁၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ

ဝမ်းနည်းကြေကွဲခြင်း

နာရေးကူညီမှုအသင်း(ရန်ကုန်) သုခကုသိုလ်ဖြစ်ဆေးခန်း(ပဲခူး)၌ ဆေးခန်းစတင်ချိန်မှစ၍ ယနေ့အချိန်အထိ စေတနာဖြင့်ကူညီအားဖြည့်ပေးခဲ့သောဒေါက်တာဒေါ်တင်တင်ဝင်း အသက်(၆၇)နှစ်သည် ၉-၆-၂၀၁၂ရက် (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

သုခကုသိုလ်ဖြစ်ဆေးခန်း(ပဲခူး)

ဝမ်းနည်းကြေကွဲခြင်း

U Saw Daniel Kee Po

အသက်(၆၆)နှစ်

မြန်မာနိုင်ငံ ဧည့်လမ်းညွှန်များအသင်း၊ ဗဟိုအလုပ်အမှုဆောင် ဦးမြင့်ဦး-ဒေါ်စကားဝါစိုးတို့၏ဖခင်သည် ၈-၆-၂၀၁၂ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာနိုင်ငံ ဧည့်လမ်းညွှန်များအသင်း

ဝမ်းနည်းကြေကွဲခြင်း

ဦးအောင်ငွေ

B.Sc (Forestry) ၁၉၈၆ခုနှစ်

အသက်(၄၉)နှစ်

ဦးအောင်ငွေ (လက်ထောက်ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ ကျောက်ဆည်ခရိုင်)သည် ၁၀-၆-၂၀၁၂ရက် နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

၁၉၈၆ခုနှစ် B.Sc (Forestry) ဘွဲ့ရ

သူငယ်ချင်းများ

ကျေးဇူးတင်ရှိခြင်း

ဒေါက်တာဆွေထွန်း(သမားတော်) ဖျာပုံပြည်သူ့ဆေးရုံကြီး အသက်(၄၇)နှစ်သည် ၃၁-၅-၂၀၁၂ရက်က ရန်ကုန်မြို့ အာရှတော်ဝင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်ခဲ့ပါသည်။ ဒေါက်တာဆွေထွန်း နာမကျန်းဖြစ်စဉ်က အိန္ဒိယနိုင်ငံ New Delhi မြို့ MEDANTA အထူးကုဆေးရုံကြီးမှ အသည်းအစားထိုး လဲလှယ်ကုသရေးတာဝန်ခံ ဆရာဝန်ကြီး Dr. A.S. Soin နှင့် ဆရာဝန်၊ ဆရာမများအားလည်းကောင်း၊ အိန္ဒိယနိုင်ငံတွင် ဆေးကုသစဉ် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးပါသော အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဇင်ယော်နှင့် သံရုံးအရာရှိများအားလည်းကောင်း၊ အာရှတော်ဝင်ဆေးရုံကြီး၌ အထူးကြပ်မတ်ကုသပေးပါသော အသည်းအထူးကုဆရာဝန်ကြီး ဒေါက်တာဝင်းနိုင်နှင့် ဆရာဝန်၊ ဆရာမများအားလည်းကောင်း၊ ကွယ်လွန်ချိန်၌ လွမ်းသူ့ပန်းခွေနှင့်ပန်းခြင်းများပေးပို့သော မွန်ပြည်နယ် ဥပဒေချုပ်၊ ပြည်နယ်အတွင်းရှိ ဥပဒေအရာရှိများနှင့် မိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ လူကိုယ်တိုင် မလာရောက်နိုင်သော်လည်း တယ်လီဖုန်းဖြင့် မေးမြန်းအားပေးပါသော မိတ်ဆွေများအားလည်းကောင်း၊ ကော့ကရိတ်ပြည်သူ့ဆေးရုံကြီးနှင့်ဖျာပုံပြည်သူ့ဆေးရုံကြီးတို့မှ ဆရာဝန်၊ ဆရာမများနှင့်မိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးကြပါသော မိတ်ဆွေသင်္ဂဟများအား လှိုက်လှဲစွာဖြင့် ကျေးဇူးအထူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ဒေါ်သင်းနွယ်

အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အနော်ရထာလမ်း၊အမှတ် ၁၄၄နေ(ဦးစောလွင်)၏ဇနီး၊ ဦးအုန်းရွှေ-ဒေါ်ကျင်လှ၊ ဒေါက်တာဦးဇော်ဝင်း - ဒေါ်မြင့်မြင့်စန်း၊ ဒေါက်တာဦးတင်ထွဋ်-ဒေါ်ဝေဝေသန်း၊ ဒေါက်တာဒေါ်သန်းသန်း - ဦးမောင်မောင်၊ ဦးမင်းဆွေ၊ ဦးချစ်ဆွေ-ဒေါက်တာဒေါ်အေးအေးသန့်၊ ဒေါက်တာဦးမောင်မောင်မြင့်-ဒေါ်မိုးမိုးနှင်း၊ ဒေါက်တာဒေါ်ခင်ခင်-ဒေါက်တာဦးစံလင်းတို့၏မိခင်၊ မြေး ၁၀ယောက်တို့၏အဘွားသည် ၉-၆-၂၀၁၂ရက် နံနက် ၉း၄၀နာရီတွင် ထိုင်ဝမ်၌ ကွယ်လွန်သွားပါ၍ ထိုင်ဝမ်၌ မီးသင်္ဂြိုဟ်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၁၅-၆-၂၀၁၂ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိအထက်ပါနေအိမ်၌ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်အေးစိန်ဖြူ

အသက်(၈၃)နှစ်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ လေးတောင်တိုက်နယ်၊အရှေ့မော်ရွာနေ (ဦးဖိုးစံ-ဒေါ်ညိုလှဖြူ)တို့၏သမီး၊ [ဦးထွန်းရင်ဦး(ခ)ဦးအင်သန်]၏ဇနီး၊ ဦးသိန်းလှိုင်-ဒေါ်မြစိန်၊ ဦးဘအောင်-ဒေါ်ခင်ရီ၊ ဦးကျော်နိုင်-ဒေါ်ခင်နွယ်၊ ဦးညီလွင်-ဒေါ်ကေသီဝင်းတို့၏မိခင်၊ မြေး ၁၀ယောက်တို့၏အဘွား၊ မြစ်သုံးယောက်တို့၏အဖီးသည် ၁၁-၆-၂၀၁၂ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၅-၆-၂၀၁၂ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အေးအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၇-၆-၂၀၁၂ရက် (တနင်္ဂနွေနေ့) နံနက်တွင် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/မြောက်ရပ်ကွက်၊ ၄က်ပျောတောလမ်း၊ အမှတ် ၄၃ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

စိုက်ပျိုးရေးဝန်ထမ်းဟောင်းများအသင်း

ဦးသန်းညွှန့်

ဂိုဒေါင်မှူး(ငြိမ်း)

စိုက်ပျိုးရေးအသင်းဝင်အမှတ်(၀၆၃၉)

အသက်(၈၁)နှစ်

ရွှေပြည်သာမြို့နယ်၊(၁)ရပ်ကွက်၊အမှတ် ၁၀၊ ဂန္ဓမာလမ်းသွယ်နေ ဦးသန်းညွှန့်သည် ၇-၆-၂၀၁၂ရက်တွင် ကွယ်လွန်သွားပါ၍ရေဝေးသုသာန်၌သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းအသင်းဝင်များအားအကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့

ခရစ်တော်၌အိပ်ပျော်ခြင်း

နော်ဂလိုရီလှ (ဇီးမူဂေါလာ)

အထက်တန်းပြ(ငြိမ်း)

အထက(၂)စမ်းချောင်း

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ ဦးလူနီလမ်း၊ အမှတ် ၁၄နေ (စောအောင်လှ-နော်အေးဂေး)၏သမီးကြီး၊ မန်းပင်းပေါင်၏ဇနီး၊ (စောတော့)၊ စောအောင်ကြည်-နော်မေရီတို့၏အစ်မကြီး၊ စောထူးထူးအောင်-နော်မေရီဖေ၊ နော်အယ်လူဆဲတို့၏ဒေါ်ဒေါ်ကြီးသည် ၁၁-၆-၂၀၁၂ရက် ညနေ ၄း၃၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၁၃-၆-၂၀၁၂ရက် နံနက် ၉နာရီတွင် ဗင်တန်ဘုရားကျောင်း (အထက-၁၊အလုံကျောင်းဝင်း)၌ဝတ်ပြုဆုတောင်းပြီး ရေဝေးကရင်ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဦးမျိုးကျော်

အသက်(၄၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၄၁)ရပ်ကွက်၊ဂန္ဓမာလမ်း၊အမှတ် ၁၄၄၈နေ (ဦးကျော်လှိုင်၊ ဆောက်/လျှပ်၊ ငြိမ်း)-ဒေါ်ခင်စိန်တို့၏သားငယ်၊ (ဦးဟန်စိုး)-ဒေါ်ဌေးဌေးသီ၊ ဦးကျော်ဇံ (ကုန်သွယ်ဦးစီး)-ဒေါ်ခင်ယုလှိုင်၊ ဦးညီညီကျော်-ဒေါ်ခင်မိမိခိုင်၊ ဦးမိုးကျော်-ဒေါ်လေးလေးမြင့်တို့၏ညီငယ်၊ဒေါ်သင်းသင်းစု (အထက-၃၊ ဒဂုံမြောက်)၊ တူ၊ တူမ ကိုးယောက်တို့၏ဦးလေးသည် ၁၁-၆-၂၀၁၂ရက်(တနင်္လာနေ့)နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း ဒါယကာကြီး

ဂီတစာဆို ဂီတာသိန်းစိုး (တပ်မတော်-ရေ၊ ငြိမ်း)

(မြန်မာနိုင်ငံ ဂီတအစည်းအရုံး)

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ သီရိလမ်း၊ အမှတ် ၃နေ ဒေါ်ခင်နွယ်၏ခင်ပွန်း၊ ဦးမြင့်ဆိုင်-ဒေါ်ခင်သန်းစိုး၊ ဦးအောင်ဟိန်းတို့၏ဖခင်၊ ဒေါ်နွယ်နွယ်ဦး၊ ဦးကျော်ကျော်လတ်၊ ဒေါ်ခင်လေးမြင့်၊ ကိုထွန်းလင်း၊ မနှင်းဝင့်ဖြူ၊ မောင်ဇင်မင်းထွဋ်တို့၏အဘိုးသည် ၁၀-၆-၂၀၁၂ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၆-၂၀၁၂ရက်(အင်္ဂါနေ့) မွန်းလွဲ ၁၂း၄၅နာရီတွင် နေအိမ်မှထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

ဦးညိမ်းဖေ

(စိန်မဟာ စက္ကူစက်)

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ် ၈၂၈/၈၂၉၊ (ဠ)ရပ်ကွက်၊ သုဓမ္မာလမ်းမကြီးနေ ဒေါ်ခင်ငြိမ်း၏ခင်ပွန်း၊ (ကိုသိန်းထွန်း)-မနွယ်နွယ်ဝင်း၊ မစန်းစန်းဝင်း၊ ကိုအောင်စိုးငြိမ်း-မနီလာကျော်၊ ကိုစိုးဝင်း-မအေးအေးခိုင်တို့၏ဖခင်၊ မြေးခြောက်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၁၁-၆-၂၀၁၂ရက် (တနင်္လာနေ့)နံနက် ၃နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး

ဒေါ်ခင်ယုံ

အသက်(၇၀)

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ကျွဲဆည်ကန် ၅လမ်း၊ အမှတ်(စ/၁၉)နေ ဦးအောင်နိုင်ဦး(MPPE၊ ငြိမ်း)-ဒေါ်သန်းသန်းစိုး(ဦးစီးအရာရှိ၊ လဝက၊ ထားဝယ်)၊ ကိုလှခိုင်စိုး(ဆွံ့အနားမကြားကျောင်း)၊ (ကိုတင်နိုင်စိုး၊ စစစ)တို့၏မိခင်၊ ဦးစိုး (အထွေထွေမန်နေဂျာ၊ ငြိမ်း၊ ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာန၊ မန္တလေး)၏ဇနီးသည် ၁၁-၆-၂၀၁၂ရက်(တနင်္လာနေ့)နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်မှ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးကျင်လှ(ခ)ဦးမြတ်မိုး

(မေတ္တာမွန် အထည်ချုပ်စက်ရုံ၊ သန်လျင်မြို့)

အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း(အလယ်)၊အမှတ် ၂၁၆၊ လေးလွှာ(ဝဲ)နေ (ဦးချစ်စု-ဒေါ်အေးစိန်)တို့၏သား၊ တရုတ်(တိုင်ပေ)နေ (ဦးမွေဘဏ်) - ဒေါ်လှကျင်တို့၏သားသမက်၊ ဒေါ်သီတာမေ၏ခင်ပွန်း၊ ဦးဝဏ္ဏရှိန် (ရဲတံခွန် F.S.O) - ဒေါ်အေးမြတ်သီ၊ မောင်သန့်ဇော်-မရှယ်ရီ၊ Mr.Wanue Htan-မယဉ်မင်းထိုက်၊ မမြတ်စုရည်တို့၏ဖခင်၊ မြေးငါးယောက်တို့၏ဘိုးဘိုးသည် ၁၁-၆-၂၀၁၂ရက် (တနင်္လာနေ့) နံနက် ၅း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၂ရက် ညနေ ၄နာရီတွင်ရေဝေးအေးအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာကြီး

ဦးကျင်လှ(ခ)ဦးမြတ်မိုး

(မေတ္တာမွန်အထည်ချုပ်စက်ရုံ၊ သန်လျင်မြို့)

အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း(အလယ်)၊ အမှတ် ၂၁၆၊ လေးလွှာ(ဝဲ)နေ (ဦးချစ်စု-ဒေါ်အေးစိန်)တို့၏သား၊ တရုတ်(တိုင်ပေ)နေ (ဦးမွေဘဏ်) - ဒေါ်လှကျင်တို့၏သားသမက်၊ဒေါ်သီတာမေ၏ခင်ပွန်း၊(ဦးတင်မြင့်)-ဒေါ်နွဲ့၊(ဒေါ်စန်းလွင်-ဦးတင်အေး)၊ (ဦးလွန်းမောင်)-ဒေါ်ရီရီထွေး၊ (ဦးမျိုးလွင်)-ဒေါ်အေးမြင့်၊ (ဦးထွန်းလူ)-ဒေါ်ခင်မြမြ၊ ဒေါ်ကြင်အေး-(ဦးခင်မောင်လွင်)၊ ဦးအောင်သွင်-ဒေါ်ခင်ပြုံးရီ၊ ဒေါ်ထွေးထွေး-ဦးအောင်မြင့်၊ ဒေါ်ပိုပို တရုတ်(တိုင်ပေ)တို့၏ညီ/မောင်/အစ်ကို၊ တူ၊ တူမ ၃၂ယောက်တို့၏ဦးလေးသည် ၁၁-၆-၂၀၁၂ရက် (တနင်္လာနေ့) နံနက် ၅း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၂ရက် ညနေ ၄နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ခင်စု

ကျန်းမာရေး(ငြိမ်း)

အသက်(၇၅)နှစ်

ရမည်းသင်းမြို့၊ ဗမကရပ်ကွက်နေ ဦးလှမောင် - ဒေါ်ခင်ညွန့်တို့၏သမီး၊ (ဦးမောင်မောင်)-ဒေါ်ကြည်လေး၊ ဦးခင်မောင်သန်း-ဒေါ်အမာဘီ၊ ဦးသန်းထွန်း-ဒေါ်ခင်ဥ၊ ဦးညီညီ-ဒေါ်ချို၊ ဦးခင်မောင်မြင့် - ဒေါ်မြင့်မြင့်သိန်း၊ ဒေါ်နုရီ၊ ဦးဆန်းကို-ဒေါ်ခင်သိန်းတို့၏အစ်မသည် ၁၀-၆-၂၀၁၂ရက် နံနက် ၁နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ အဆွာရ်နမာဇ်အပြီးတွင် ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးမောင်မောင်အေး

(တက္ကသိုလ်မောင်မောင်အေး)

ဗဟိုတရားရုံးရှေ့နေ

အသေးစားချေးငွေဌာန၊

အသက်အာမခံကိုယ်စားလှယ်

အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိလမ်း၊ အမှတ် ၄၅နေ ဒေါ်မြညွန့် (သူနာပြု၊ ငြိမ်း)၏ခင်ပွန်း ဦးမောင်မောင်အေးသည် ၆-၆-၂၀၁၂ရက် ည ၇း၄၀ နာရီတွင်ကွယ်လွန်သွားပါ၍ ၇-၆-၂၀၁၂ ရက် ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အသေးစားချေးငွေဌာန ဝန်ထမ်းဟောင်းများ

ဘုရား၊သိမ်၊ကျောင်းဒါယကာကြီး

ဦးမြင့်ဦး(တောင်ကုတ်-စစ်တွေ)

လက်ထောက်ရေကြောင်းဌာနမှူးချုပ်(ငြိမ်း)

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး

အသက်(၆၈)နှစ်

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့၊ ဂူတာရပ်ကွက်၊ နံ့သာမြိုင်လမ်းနေ (ဦးသာရင်-ဒေါ်ဖြူချော)တို့၏ သားကြီး၊ဒေါ်ခင်ထားရီ၏ခင်ပွန်း၊ဦးတင်အောင်၊ဦးသန်းမောင်-ဒေါ်နှင်းရီ၊ဦးတင်ရွှေ-ဒေါ်သန်းစိန်၊ ဦးဘခင်-ဒေါ်တင်ရီတို့၏အစ်ကိုကြီး၊ မောင်သန်းမြင့်အောင်၊မောင်သန်းမြင့်နိုင်-မယဉ်ယဉ်မြင့်၊ မောင်ကျော်ဝင်းနိုင်-မဥမ္မာထွန်း၊ မနှင်းနွယ်စိုးတို့၏ ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် မဇ္ဈိမလမ်း၊အမှတ်၅၉ (ခေါင်းရင်းခန်း)ကျောက်မြောင်းနေဦးမြင့်ဦးသည် ၁၀-၆-၂၀၁၂ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင်အထက် ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၂-၆-၂၀၁၂ရက် (အင်္ဂါနေ့)ညနေ ၄ နာရီတွင် ရေဝေးသုသာန် သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများမွန်းလွဲ၂နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နေပြည်တော်ရှိ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

R. 488

12-6 (19).pmd 1 6/12/2012, 2:14 AM

ကြည့်ရှုစစ်ဆေး

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ဘိုကလေးမြို့နယ် ကဒုံကနီကြိုးဝိုင်း အကွက်အမှတ် (၄၉)ရှိ ဒီရေတောသစ်စေ့ထုတ် ဧရိယာကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒီရေတောထိန်းသိမ်းခြင်းနှင့် စိုက်ခင်းတည်ထောင်ခြင်းကို စီမံချက်ချဆောင်ရွက်နေ ထင်းမီးသွေးထုတ်ယူမှုများကြောင့် ဒီရေတောများ ပျောက်ကွယ်မသွားစေရေးကြိုးပမ်း

နေပြည်တော် ဇွန် ၁၁

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းသည် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၉ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်သို့ရောက်ရှိပြီး ဝန်ကြီးဌာနအောက်ရှိ ခရိုင် နှစ်ခရိုင်၊ မြို့နယ် ငါးမြို့နယ်မှ ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇွန် ၁၀ ရက် နံနက်ပိုင်းတွင် ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာ၌ ကျင်းပသည့် ဒေသခံပြည်သူများ၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်အားပေး၍ အာဆီယံနိုင်ငံများတွင် ဒီရေတောများအား အထူးအလေးထားထိန်းသိမ်းခြင်း၊ ထူထောင်ခြင်း ဆောင်ရွက်နိုင်မှုကြောင့် ဒေသခံပြည်သူများအား အကျိုးပြုလျက်ရှိနေပြီဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဒီရေတောထိန်းသိမ်းခြင်း၊ စိုက်ခင်းတည်ထောင်ခြင်းကို ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် စီမံချက်ချဆောင်ရွက်နေပြီ ဖြစ်ကြောင်း၊ လယ်ယာမြေနှင့် ပုစွန်ကန်တိုးချဲ့ခြင်း၊ ထင်းမီးသွေးအလွန်အကျွံထုတ်ယူမှုများကြောင့် ဒီရေတောများပျောက်ကွယ်မသွားစေရေး အားလုံးတွင်တာဝန်ရှိကြောင်း၊ ဒီရေတောမရှိတော့ပါက ငါး၊ ပုစွန်တို့၏ ဂေဟစနစ်ပါပျက်စီးပြီး သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ အကာအကွယ်မဲ့ဖြစ်ခဲ့ရသည်ကို အားလုံးကိုယ်တွေ့ခံစားခဲ့ရပြီ ဖြစ်သဖြင့် တန်ဖိုးအလွန်ကြီးမားသည်ကို မမေ့ရန်လိုအပ်ကြောင်း၊ ဒီရေတောများကို ထိန်းသိမ်းခြင်းဖြင့် ရာသီဥတုဖောက်ပြန်ခြင်းများကို ထိန်းသိမ်းပေးရာရောက်သကဲ့သို့ ဒီရေတောများမှ စာမျက်နှာ ၈ ကော်လံ ၄ ✱

ရခိုင်ပြည်နယ်ရှိ ဒုက္ခသည်စခန်း (၆)ခုအတွက် ဆန်၊ ဆီနှင့် ဆားများ ပေးပို့လှူဒါန်း

နေပြည်တော် ဇွန် ၁၁

ရခိုင်ပြည်နယ် မောင်တောမြို့၊ ဘူးသီးတောင်မြို့နှင့် စစ်တွေမြို့နယ်များတွင် ဖြစ်ပွားပေါ်ပေါက်ခဲ့သည့် ဆူပူအကြမ်းဖက်မှုများကြောင့် နေအိမ်များ မီးလောင်ဆုံးရှုံးပြီး လတ်တလောဒုက္ခနှင့် ရင်ဆိုင်နေကြရသည့် ဒေသခံပြည်သူများအတွက် မောင်တောမြို့တွင် ပရဟိတကျောင်း၊ အောင်မြေဗောဓိကျောင်း၊ ဗဟိုကျောင်း၊ အလယ်သံကျော်၊ ရဲတပ်ရင်း(၂) တို့၌လည်းကောင်း၊ ဘူးသီးတောင်မြို့တွင် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း၌လည်းကောင်း စုစုပေါင်းကယ်ဆယ်ရေးစခန်း (၆)ခု ဖွင့်လှစ်ပြီး ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ အဆိုပါကယ်ဆယ်ရေးစခန်း (၆)ခု၌ ရောက်ရှိနေကြသည့် ဒုက္ခသည်အရေအတွက်မှာ အိမ်ထောင်စု ၉၄၂ စု စုစုပေါင်း လူဦးရေ ၄၁၅၄ ဦးဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ဒုက္ခသည်စခန်းများအတွက် ဇွန်လ ၁၀ ရက်က ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စုစုပေါင်းဆန် ၁၅၉ အိတ်၊ ဆီ ၁၆၅ ပိဿာနှင့် ဆား ၁၆၅ ပိဿာ ပေးပို့လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ်အတွင်း နေအိမ်များ၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့ရသော ဒေသခံပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် ငွေကြေးနှင့်ပစ္စည်းများ ပါဝင်လှူဒါန်းကြပါရန် အသိပေးနှိုးဆော်ချက်

ရခိုင်ပြည်နယ်တွင် လတ်တလောဖြစ်ပွားပေါ်ပေါက်ခဲ့သော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏ နေအိမ်များ၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့ရပါသည်။ ထိုသို့ ပျက်စီးဆုံးရှုံးနစ်နာခဲ့ရသော ဒေသခံပြည်သူများ လတ်တလောရပ်တည်နိုင်ရေးအတွက် ကယ်ဆယ်ရေးစခန်း (၆)ခု ဖွင့်လှစ်ပြီး စားသောက်ရေး၊ နေထိုင်ရေး၊ ကျန်းမာရေးလိုအပ်ချက်များကို နိုင်ငံတော်က ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့ပြင် ဒေသခံပြည်သူများအတွက် ရေရှည်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း ဖြည့်ဆည်းထူထောင်ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိရာ နိုင်ငံတော်က အစီအမံများချမှတ်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

ထိုသို့ လတ်တလောရပ်တည်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရနှင့်အတူ စေတနာရှင်ပြည်သူများ၊ လူမှုအဖွဲ့အစည်းများ၊ NGO နှင့် INGO များ အနေဖြင့်လည်း အစားအသောက်၊ အဝတ်အထည်၊ ငွေကြေး၊ အခြားပစ္စည်း စသည်များကို ဆန္ဒအလျောက် ပူးပေါင်းပါဝင်လှူဒါန်းကြပါရန် နှိုးဆော်ဖိတ်ခေါ်အပ်ပါသည်။

လှူဒါန်းလိုပါက အောက်ပါအတိုင်းဆက်သွယ်လှူဒါန်းနိုင်ကြပါသည်-

(က) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(၁) ညွှန်ကြားရေးမှူးချုပ်၊ မီးသတ်ဦးစီးဌာန၊ ဖုန်း-၀၁-၆၅၀၃၅၁

(၂) ဦးဝင်းထွဋ်ဦး၊ ညွှန်ကြားရေးမှူး(စီမံ)၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၄၃၁၆

(၃) ဦးသိန်းဌေးအောင်၊ ဒုတိယညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၂၂၇၂၆

(ခ) သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များ

ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များအနေဖြင့် လှူဒါန်းသည့် ငွေကြေး၊ ပစ္စည်းများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာကယ်ဆယ်ရေးစခန်းများရှိ ဒုက္ခသည်များထံသို့ ဆက်လက်ပေးပို့လှူဒါန်းသွားမည် ဖြစ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

သတင်းနှင့်ဓာတ်ပုံ တင်ဝင်းလေး (ကြည့်မြင်တိုင်)

ချယ်ရီဈေးကွက်

ရန်ကုန် ဇွန် ၁၁

ယနေ့လမ်းမကြီးများပေါ်၌ ပြေးဆွဲနေသော City Taxi များအကြား မီးလုံးက ပြူးပြူး၊ ကားလေးက ခုံးခုံးဖြင့် ဖားပြုပ်ပုံသဏ္ဍာန်ကားလေးများကို အများအပြားတွေ့နေရသည်။ **(အပေါ်ပုံ)**

မိသားစုသုံးယောက်မျှသာ ချောင်ချောင်ချိချိစီးနိုင်သော ကားလေးများ ဖြစ်သည်။ ကားအမျိုးအစားက "ချယ်ရီ" (Chery Q Q 3) ဖြစ်သည်။ ကားအများစုက "ချယ်ရီ" ဟု ချစ်စနိုးခေါ်ကြသော်လည်း လိုင်းကားဆရာများက "မျက်ပြူး"ဟု အမည်ပြောင်ပေးခေါ်ကြသည်။

ကားဈေးကွက်အတွင်းသို့ လွန်ခဲ့သောခြောက်လခန့်က စတင်ဝင်ရောက်လာခဲ့ခြင်းကို တွေ့ရသည်။ ဝယ်ယူသူအများစုက Taxi ကားအဖြစ် အသုံးပြုကြသည်။ စာမျက်နှာ ၉ ကော်လံ ၁ ◆

ပြင်သစ်နှင့် အင်္ဂလန်တို့ပွဲတွင် အင်္ဂလန်အသင်းမှ လက်စ်ကော့ (ယာ)က ဤသို့ ခေါင်းတိုက်ဂိုးသွင်းယူခဲ့သည်။

ယူရို ၂၀၁၂ ဘောလုံးပွဲများ ဆက်လက်ယှဉ်ပြိုင် ပြင်သစ်နှင့် အင်္ဂလန်တို့ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့

ဒိုနက် ဇွန် ၁၁

ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲ၏ အုပ်စု (ဃ) အဖွင့်ပွဲစဉ်အဖြစ် ယူကရိန်းနိုင်ငံ ဒိုနက်မြို့ရှိ ဒန်ဘက်စ်အရီနာအားကစားရုံ၌ ပြင်သစ်နှင့် အင်္ဂလန်အသင်းတို့ ဇွန် ၁၁ ရက်က ယှဉ်ပြိုင်ကစားရာ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည်။

ယခုပွဲကို ကွင်းလယ်ဒိုင်လူကြီးအဖြစ် အီတလီနိုင်ငံသား နီကိုလာရစ်ဇိုလီက တာဝန်ယူကြီးကြပ်ခဲ့သည်။ ပြင်သစ်အသင်းကို နည်းပြလောရင့်ဘလန့်က ၄း၁း၂း၃ ဖြင့် ပွဲထွက်စေခဲ့ပြီး အင်္ဂလန်အသင်းကိုလည်း နည်းပြရွိုင်းဟော့ဒ်ဆင်က ၄း၄း၁း၁ ဗျူဟာဖြင့် ကစားစေခဲ့သည်။ စာမျက်နှာ ၉ ကော်လံ ၁ ○